# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက် | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်၊ စနေနေ့ | အတွဲ (၆၀)၊ အမှတ် (၁၃၆)


# (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပ
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

၂၀၂၁ ခုနှစ်၊ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဖတ်ကြားစဉ်။ ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

(၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံမှသည် ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ တိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့် အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေးဟူသည့် အမျိုးသားရေးဦးတည်ချက် (၅) ရပ်ဖြင့် အနှစ်သာရ ပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

ရှေးဦးစွာ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နံနက် ၅ နာရီခွဲတွင် ကျင်းပရာ တိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ အလံတင်တပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံကို လွှင့်တင်သည်။


*စာမျက်နှာ ၃ ကော်လံ ၁ ➊*







မြန်မာ့အလင်း

# ဂရုတစိုက် ဆက်လက်လိုက်နာ

ဦးစားပေးအစီအစဉ်အလိုက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။ တစ်ဖက်တွင်လည်း ကိုဗစ်- ၁၉ ကူးစက်ရောဂါ ကူးစက်ပျံ့နှံ့မှုအရှိန်အဟုန် လျော့နည်းလာသည့် လက္ခဏာများကို တွေ့ရသည်။ မီဒီယာများတွင် တွေ့ရသည့် ကိန်းဂဏန်းများအရ ယင်းသို့ ခန့်မှန်းခြင်းဖြစ်သော်လည်း အမှန်နှင့် မည်မျှနီးစပ်မည်ကို မသိနိုင်။ လက်ရှိအခြေအနေတွင်မူ အတည်ပြုနိုင်သည့် ပိုးတွေ့သူ တစ်သိန်းလေးသောင်းကျော်ရှိပြီး ရောဂါကြောင့် သေဆုံးသူ သုံးထောင်ကျော်ရှိနေကာ နေ့စဉ် ဆယ်ဂဏန်းအရေအတွက်နှင့် တိုးတက်နေလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ထိုးနှံပေးနေသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးမှာ အင်္ဂလန်နိုင်ငံ အောက်စ်ဖို့ဒ်တက္ကသိုလ်နှင့် အက်စ်ထရာဇနီကာတို့ ပူးပေါင်းထုတ်လုပ်ထားသည့် ဆေးဖြစ်ပြီး အိန္ဒိယနိုင်ငံက တစ်ဆင့်ခံလိုင်စင်ယူကာ COVISHIELD အမည်ဖြင့် ထုတ်လုပ်လိုက်သည့် ဆေးဖြစ်သည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးများမှာ အခြား ပုံမှန်ကာကွယ်ဆေးများနှင့် နှိုင်းယှဉ်ပါက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အပြည့်အဝ ထောက်ခံချက်မရရှိသေးသဖြင့် စိုးရိမ်မှုများလည်း ရှိကြသည်။ ကာကွယ်ဆေးများ၏ အရည်အသွေးအာနိသင်များနှင့် စပ်လျဉ်း၍ ဘက်ပေါင်းစုံမှ လိုအပ်သော စမ်းသပ်ချက်များကို ပြုလုပ်မှုများ ပြီးပြည့်စုံခြင်း မရှိသေးသည့်အတွက်ကြောင့် ဖြစ်သည်။ သို့ရာတွင် ကာကွယ်ဆေးထုတ်လုပ်ရာတွင် လိုက်နာရမည့်စံသတ်မှတ်ချက်များအတိုင်း ထုတ်လုပ်ထားပြီး ကာကွယ်ဆေးများ၏ အစွမ်းထက်မှုနှင့် ဘေးကင်းမှုတို့အတွက် စစ်ဆေးမှုများပြုလုပ်ကာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အသုံးပြုရန် ခွင့်ပြုချက်များကိုရထားသည့် ကာကွယ်ဆေးများကို အသုံးပြုထိုးနှံပေးနေကြခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် ထိုးပေးနေသည့် အိန္ဒိယနိုင်ငံထုတ် COVI-SHIELD ကာကွယ်ဆေးမှာ သာမန်တုပ်ကွေးဗိုင်းရပ်စ်၏ မျိုးဗီဇနှင့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်၏ မျိုးဗီဇဗိုင်းရပ်စ်အစိတ်အပိုင်းတို့ကို ပေါင်းစပ်တီထွင်ထားသည့် ကိုရိုနာဗိုင်းရပ်စ်အတုပင်ဖြစ်သည်။ ဆေးထိုးခံသည့်လူကို ဒုက္ခပေးနိုင်သည့် ဗိုင်းရပ်စ်မဟုတ်သော ပုံစံတူ ကိုရိုနာဗိုင်းရပ်စ်ကို လူ့ခန္ဓာကိုယ်တွင်ရှိနေသော ကိုယ်ခံအားက မှတ်သားပြီး တိုက်ထုတ်ပေးခြင်းအားဖြင့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးအစစ် လူ့ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်လာသည့်အချိန်တွင် ပြန်လည်တိုက်ထုတ်ရန် အဆင်သင့် ဖြစ်နေမည်ဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံခြင်းတွင် ကျန်းမာရေးဝန်ထမ်းများနှင့်စေတနာ့ဝန်ထမ်းများ၊ ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးနှင့်အထက် နိုင်ငံ့ဝန်ထမ်းအချို့၊ Stay at Home မြို့နယ်များရှိ အသက် ၆၅ နှစ်နှင့်အထက်ရှိ ပြည်သူများတို့ကို ထိုးနှံပေးလျက်ရှိပြီး ကျေးလက်နေပြည်သူများအထိ အစီအစဉ်များအလိုက် ဆက်လက်ထိုးနှံပေးသွားမည်ဟု၍လည်း သိရသည်။ ယခုနှစ်အတွင်း နိုင်ငံ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်ကို ထိုးနှံပေးနိုင်မည်ဟူ၍ ခန့်မှန်းထားပြီး နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းအထိ ထိုးနှံပေးနိုင်ပြီးမှသာ ကာကွယ်ဆေးလွှမ်းခြုံသည်ဟု ဆိုနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ ၂၀၂၂ ခုနှစ်သို့ ရောက်မှသာ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လွှမ်းခြုံနိုင်မည်ဖြစ်သည်။

အထူးဂရုပြုလိုက်နာကြရမည့်အချက်မှာ ကာကွယ်ဆေးမထိုးရသေးသူများသာမက ကာကွယ်ဆေးပထမအကျော့ထိုးပြီးသူများအပါအဝင် ကိုဗစ်-၁၉ ကူးစက်မှု ကာကွယ်တားဆီးနိုင်ရေးအတွက် ချမှတ်ထားသည့် အချက်အလက်များကို ဆက်လက်ကျင့်သုံးကြရန်ပင်ဖြစ်သည်။ ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ခြင်း၊ လက်ကို ခဏခဏဆေးကြောခြင်း၊ လူစုလူဝေးရှိရာကို ရှောင်ရှားခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ဆက်ဆံခြင်းဟူသော အခြေခံအချက်များကို ဆက်လက်ကျင့်သုံးကြခြင်းအားဖြင့် ကိုဗစ်-၁၉ ရောဂါကိုသာမက အခြားသောရောဂါ အများအပြားတို့ကိုလည်း ကူးစက်မခံရအောင် ကာကွယ်နိုင်ကြမည်ဖြစ်ပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့အသိပေးချက်

နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့တာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်မဝင်နိုင်အောင် နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုနေသူအချို့က နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေကြောင်းကို ကြားသိနေရပါသည်။ ဖိအားပေးခြိမ်းခြောက်သူများအနေဖြင့် ယင်းလုပ်ရပ်များသည် ဥပဒေနှင့် ဆန့်ကျင်သကဲ့သို့ မိမိ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးခြင်းဆိုင်ရာ မူသဘောတရားများနှင့်လည်း ဆန့်ကျင်နေပါသည်။ ဝန်ထမ်းမဟုတ်သူ ပြည်သူလူထုအချင်းချင်းကြားတွင်လည်း အလားတူပြုလုပ်မှုများ ရှိနေကြောင်းကိုလည်း ကြားသိရပါသည်။ မည်သူမဆို မိမိ၏အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုရန်လိုအပ်ပါသည်။ ထို့အပြင် အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်း လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။ သို့ပါ၍ ဖိအားပေးခြိမ်းခြောက်ခံရသူများ၏ အခွင့်အရေး ထိပါးနှောင့်ယှက်ခံရမှုများကို ဥပဒေကြောင်းအရ ကုစားပေးနိုင်ရေးနှင့် ထိပါးနှောင့်ယှက်သူများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေးအတွက် အောက်ပါ ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့်e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၃၅၀၂၅၁<br>၀၆၇-၃၅၀၂၅၂<br>၀၆၇-၃၅၀၂၅၃<br>၀၆၇-၃၅၀၂၅၄<br>၀၆၇-၃၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

# (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ ပင်လောင်း၌ ကျင်းပ

**ပင်လောင်း ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို ယနေ့ နံနက် ၅ နာရီခွဲက လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင်ကွင်းတွင် ကျင်းပပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဦးဆောင်၍ တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြန်မာနိုင်ငံတော်အလံနှင့်ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။

**သဝဏ်လွှာဖတ်ကြား**

ယင်းနောက် ယနေ့နံနက် ၇ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဦးဆောင်၍ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှပေးပို့သည့် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်က ဖတ်ကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



# (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပ

**ဂန့်ဂေါ ဖေဖော်ဝါရီ ၁၂**

(၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲက ဂန့်ဂေါမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ကျင်းပသည်။

ထို့နောက် ပြည်ထောင်စုနေ့အခမ်းအနားကို နံနက် ၇ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံမှပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်အေးက ဖတ်ကြားသည်။ (အပေါ်ပုံ) (၁၄၄)



(၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကျင်းပစဉ်။

❍ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားသို့ တက်ရောက်အလေးပြုကြမည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားတိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများသည် နံနက် ၅ နာရီမှစတင်၍ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင် ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူသည်။

**အလေးပြုခြင်းကို ခံယူ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြည်ထောင်စုနေ့အခမ်းအနားကျင်းပသည့် မြို့တော်ခန်းမ ဥပစာရင်ပြင်ရှိ စင်မြင့်ပေါ်၌ နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌသည် တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

**သဝဏ်လွှာ ဖတ်ကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



(၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားတွင် တက်ရောက်လာကြသည့် တိုင်းရင်းသား တိုင်းရင်းသူများကို တွေ့ရစဉ်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော် ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှဝန်ထမ်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသား တိုင်းရင်းသူကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားနှင့်သဝဏ်လွှာဖတ်ပွဲ ကျင်းပ



**ကန့်ဘလူ ဖေဖော်ဝါရီ ၁၂**

(၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားနှင့်သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း ရင်ပြင်၌ ဖေဖော်ဝါရီ ၁၂ရက် နံနက် ၅ နာရီခွဲက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထူးမောင်နှင့်ကောင်စီဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်ဇော်ထက်နှင့်ကောင်စီဝင်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ တက်ရောက်အလေးပြုကြသည်။

နံနက် ၇ နာရီတွင် ခရိုင်စုပေါင်းရုံး ရွှေဆည်မြိုင်ခန်းမ၌ သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာအား ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ထူးမောင်က ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ပြည်ထောင်စုနေ့အခမ်းအနား ပုသိမ်မြို့၌ ကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၁၂**

ပုသိမ်မြို့ ကန်သာယာ ပြည်ထောင်စုကွင်းအတွင်း ပြုလုပ်သည့် (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို ဖတ်ကြားကာ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် (၆၁/ ၂၀၂၁)
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဦးမင်းထိန်အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နေပြည်တော်ကောင်စီ အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် (၆၃/ ၂၀၂၁)
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်

**နေပြည်တော်ကောင်စီ အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကြည်း ၂၁၁၁၁ ဗိုလ်မှူးကြီး မင်းနောင်အား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် နေပြည်တော်ကောင်စီ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုအပ်နှင်းလျက် နေပြည်တော်ကောင်စီအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် (၆၂/ ၂၀၂၁)
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ တပ်မတော်အရာရှိကြီးများအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို အပ်နှင်းလျက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၉၁၉၇<br>ကချင်ပြည်နယ် | ဗိုလ်မှူးကြီး | ကျော်လင်းအောင် |
| (၂) | ကြည်း ၂၂၀၀၀<br>ကယားပြည်နယ် | ဗိုလ်မှူးကြီး | မြင့်ဝေ |
| (၃) | ကြည်း ၂၂၆၁၇<br>ကရင်ပြည်နယ် | ဗိုလ်မှူးကြီး | မျိုးမင်းနောင် |
| (၄) | ကြည်း ၂၅၉၉၅<br>ချင်းပြည်နယ် | ဗိုလ်မှူးကြီး | ဟန်ဝင်းအောင် |
| (၅) | ကြည်း ၂၄၉၉၃<br>စစ်ကိုင်းတိုင်းဒေသကြီး | ဗိုလ်မှူးကြီး | ဝင်းတင်စိုး |
| (၆) | ကြည်း ၂၆၉၃၄<br>တနင်္သာရီတိုင်းဒေသကြီး | ဗိုလ်မှူးကြီး | ကျော်ဇေယျ |
| (၇) | ကြည်း ၂၇၂၉၄<br>ပဲခူးတိုင်းဒေသကြီး | ဗိုလ်မှူးကြီး | လှမျိုးရွှေ |
| (၈) | ကြည်း ၂၀၈၂၅<br>မကွေးတိုင်းဒေသကြီး | ဗိုလ်မှူးကြီး | မင်းဦး |
| (၉) | ကြည်း ၂၆၁၀၉<br>မန္တလေးတိုင်းဒေသကြီး | ဗိုလ်မှူးကြီး | ကျော်ကျော်မင်း |
| (၁၀) | ကြည်း ၂၆၉၃၉<br>မွန်ပြည်နယ် | ဗိုလ်မှူးကြီး | နေထွဋ်ဦး |
| (၁၁) | ကြည်း ၂၃၁၅၈<br>ရခိုင်ပြည်နယ် | ဗိုလ်မှူးကြီး | မင်းသန်း |
| (၁၂) | ကြည်း ၂၁၈၉၇<br>ရန်ကုန်တိုင်းဒေသကြီး | ဗိုလ်မှူးကြီး | ဝင်းတင့် |
| (၁၃) | ကြည်း ၂၆၇၅၉<br>ရှမ်းပြည်နယ် | ဗိုလ်မှူးကြီး | လှဦး |
| (၁၄) | ကြည်း ၂၅၁၃၀<br>ဧရာဝတီတိုင်းဒေသကြီး | ဗိုလ်မှူးကြီး | ကျော်စွာလှိုင် |

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ဘားအံ၌ ကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၁၂**

(၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့ ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီရုံးရင်ပြင်၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(ယာပုံ)**



ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီက ဦးဆောင်ကျင်းပသည့် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် နံနက် ၅ နာရီခွဲက ပြည်ထောင်စုနေ့ နိုင်ငံတော် အလံတင်အခမ်းအနားကို ကျင်းပရာ အလံစောင့်အဖွဲ့၊ အလံတင်အဖွဲ့နှင့် တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့များက နိုင်ငံတော်အလံကို တိုင်ထိပ်သို့ လွှင့်တင်ပေးကြသည်။

ထို့နောက် နံနက် ၇ နာရီတွင် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကိုကျင်းပရာ ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့်အဖွဲ့ဝင်များ၊ တပ်ရင်း တပ်ဖွဲ့များ၊ တိုင်းရင်းသားငြိမ်းချမ်းရေး အဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော ၂၀၂၁ ခုနှစ် (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက ဖတ်ကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား နမ္မတူမြို့နယ်၌ ကျင်းပ

**နမ္မတူ ဖေဖော်ဝါရီ ၁၂**

(၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၅ နာရီခွဲခန့်က ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နမ္မတူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

နံနက် ၇ နာရီခန့်တွင် (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားအား ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ၂၀၂၁ ခုနှစ် (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို နမ္မတူမြို့နယ် စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးရာဇာလင်းက ဖတ်ကြားသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

လူမော် (ပြန်/ဆက်)

# စိတ်ခံစားမှုဆိုတာထက် လက်တွေ့အချက်အလက်တွေကို ဦးတည်ကြဖို့လို

UEC အနေနဲ့ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းတွေ ထုတ်ပြန်ရာမှာလည်း အမျိုးမျိုး ကွဲပြားနေတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၂၅ ရက်နေ့ ထုတ်ပြန်ရာမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေဟာ ၃၇,၅၇၂,၅၂၁ ဦး (၃၇ သန်း ၅ သိန်းကျော်) ဖြစ်ပါတယ်။ အောက်တိုဘာလ ၂ ရက်နေ့ ထုတ်ပြန်ရာမှာတော့ ၃၈,၅၂၉,၁၉၈(၃၈ သန်း ၅ သိန်းကျော်) ဖြစ်ပါတယ်။ ရွေးကောက်ပွဲကျင်းပပြီးနောက်ပိုင်းကာလ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများကတစ်ဆင့် သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးများကို ပေးပို့တဲ့စာရင်းများအရ ၃၉,၂၇၇,၂၁၄ (၃၉ သန်း ၂ သိန်းကျော်) ဖြစ်ပါတယ်။ ဒီဇင်ဘာလ ၁ ရက်နေ့ ထုတ်ပြန်ချက်မှာတော့ ၃၈,၂၇၁,၄၄၇ (၃၈ သန်း ၂ သိန်းကျော်)ဖြစ်ပါတယ်။ ဒီလိုအမျိုးမျိုးဖြစ်နေတာဟာ စဉ်းစားစရာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းက ရရှိတဲ့ မွေးနှုန်း၊ သေနှုန်း၊ ပြောင်းရွှေ့နှုန်းများကို အခြေခံပြီး လူဦးရေနည်းပညာနဲ့ ခန့်မှန်းတွက်ချက်ထားတဲ့ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့တွင်ရှိရမယ့် အသက် ၁၈ နှစ်နှင့် အထက် ခန့်မှန်းလူဦးရေစာရင်းမှာ ၃၆,၉၆၃,၆၅၉ ဦး (၃၆ သန်း ၉ သိန်းကျော်) ဖြစ်ပါတယ်။ ရွေးကောက်ပွဲ ကျင်းပပြီးစီးသည့်ကာလနောက်ပိုင်း UEC က ထုတ်ပြန်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၃၉ သန်း ၂ သိန်းကျော်ဟာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှာ ရှိရမယ့် လူဦးရေစာရင်းထက် ၅ သန်း ၄ သိန်းကျော်နဲ့ လူဦးရေနည်းပညာဖြင့် ခန့်မှန်းတွက်ချက်ထားတဲ့စာရင်းထက် ၂ သန်း ၃ သိန်းကျော် ပိုနေတာကို တွေ့ရှိရပါတယ်။ ဒါတွေဟာ လက်တွေ့ဖြစ်ပျက်နေတဲ့ ပကတိအချက်အလက်တွေပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ စည်းကမ်းပြည့်ဝစစ်မှန်တဲ့ ဒီမိုကရေစီစနစ်နဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ်လိုလားတယ်ဆိုရင် စိတ်ခံစားမှုဆိုတာထက် လက်တွေ့အချက်အလက်တွေကို ဦးတည်ကြဖို့ ပြောကြားလိုပါတယ်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၈-၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကယားပြည်နယ် လွိုင်ကော်မြို့တွင် ကျင်းပ



**လွိုင်ကော် ဖေဖော်ဝါရီ ၁၂**

ကယားပြည်နယ် လွိုင်ကော်မြို့တွင် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ယနေ့နံနက် ၇ နာရီက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းများဆောင်ရွက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦး(ခ) ဘူးရယ်က ဖတ်ကြားသည်။

အခမ်းအနားသို့ ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) ဒေသကွပ်ကဲရေးမှူး၊ ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## ပြည်ထောင်စုနေ့အထိမ်းအမှတ် နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၁၂**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သည့် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ စစ်တွေမြို့ ဓညဝတီအားကစားကွင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ရှေးဦးစွာ နံနက် ၇ နာရီတွင် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကိုကျင်းပပြီးနောက် ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၊ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ရခိုင်ပြည်နယ်ကောင်စစ်ဝန်များ၊ မြို့မိမြို့ဖများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တိုင်းရင်းသားမျိုးနွယ်စုဝင်၊ ဖိတ်ကြားထားသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများ၊ ရဲဘော်များအား အလေးပြုကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ထံမှ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာအား ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းက ဖတ်ကြားသည်။ ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။ ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသော တိုင်းရင်းသားကိုယ်စားလှယ်များအားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

၂၀၂၁ ခုနှစ် (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းမပေါ်ရှိ ပြည်သူ့ရင်ပြင်၌ ပြုလုပ်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

**အလေးပြု**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးသည် စစ်ရေးပြတပ်ခွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

**သဝဏ်လွှာဖတ်ကြား**

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ၂၀၂၁ ခုနှစ် (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက ဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# မာယာနှင့် အမှန်တရား

**ချစ်နိုင်(စိတ်ပညာ)**

**နိဒါန်း**

ဘာတွေဘာတွေ မဆိုင်တာတွေက စပြောနေတာလဲလို့ အပြစ်တင်မစောပါရန် လေးစားစွာ တောင်းပန်ပါရစေနော်။ စိတ်ထဲပေါ်ရာ စပြောမိတာ ခေတ္တလေး သည်းခံပေးပါ။ ဒီလိုပါ။ ရုပ်ရှင်ကြည့်တာ မိမိက အလွန်ဝါသနာပါခဲ့ပါတယ်။ ရုပ်ရှင်ဓာတ်ပုံပညာလည်း စိတ်ပါဝင်စားခဲ့ပါတယ်။ သိချင်တော့ လေ့လာစပ်စုမိတာပေါ့။ ။

ရုပ်ရှင်ဆိုတာက သရုပ်ခွဲရင် အပိုင်းသုံးပိုင်းပါတယ် –

(၁) Art အနုပညာ၊

(၂) Story Telling ဇာတ်လမ်းပြောပြခြင်းနဲ့

(၃) Pictures ရုပ်ပုံတွေ။

**ရုပ်ပုံ**

အပိုင်းတစ်ပိုင်းစီမှာ ကျယ်လည်းကျယ်ပြော။ လေးလည်းလေးနက်တဲ့ ပညာရပ်တွေ ပါဝင်နေကြတယ်။ စကားစပ်မိလို့ပါ။ Picture ရုပ်ပုံ ဆိုကြပါစို့။ အားလုံးလည်း ကြားဖူးနားဝ ရှိကြပြီးသားပါ။ ကင်မရာအကွာအဝေး အမျိုးအစားအလိုက် ဒီလိုမျိုး ရိုက်ချက်(၄)မျိုး ရှိတာပေါ့။ ။

(၁) Close up အနီးကပ် မျက်နှာပြည့် ရိုက်ချက်၊

(၂) Medium short ခါးတစ်ပိုင်းရိုက်ချက်၊

(၃) Full short တစ်ကိုယ်လုံးပေါ်ရိုက်ချက်နဲ့

(၄) Long short အဝေးကနေရိုက်ချက် ။

ဒါတော့ တို့လည်း သိပြီးသားပါကွယ်။ ဟုတ်ပါတယ်။

တကယ်က အကန့်အသတ်မဲ့သဘာဝလောကကြီးကို လေးထောင့်ကင်မရာအပေါက်လေးထဲကနေ ဝင်ကြည့်စေပြီး ငွေရောင်ပိတ်ကားကြီးပေါ်မှာ ရုပ်ရှင်ပရိသတ်ကို ကြည့်မြင်စေရအောင် ပြသရာမှာ မြင်ကွင်းပြပုံအရ အနီးအဝေး၊ အကြီးအသေး၊ အနေးအမြန်၊ အရွေ့၊ အငြိမ်၊ အနိမ့်အမြင့်၊ အလင်းအမှောင်၊ အရောင်အသွေး စတဲ့အချက်များက Picture ရုပ်ပုံတစ်ခုကို Image နိမိတ်ပုံ၊ ပုံရိပ်လွှာအဖြစ် ဖန်တီးဖွဲ့စည်းရတာပဲ။

**နိမိတ်ပုံ**

အနုပညာမြောက်ဖို့ရာ ဒါတွေလိုပါတယ် –

(၁) Composition အထားအသို ဖွဲ့စည်းပါဝင်ပုံ၊

(၂) Colour tone အရောင် အနုအရင့်၊

(၃) Croping အဖြတ်အတောက်၊

(၄) Focus အပြတ်အသား အကြည်အဝါး၊

(၅) Lighting အလင်းအမှောင်၊

(၆) Size အရွယ်အစား အကြီးအသေး ။

ရုပ်ပုံနဲ့ ပတ်သက်တာ သာမန်လူ နားလည်နိုင်သမျှ တင်ပြတာပါ။ ရုပ်ပုံတွေထွက်လာအောင် လုပ်ဆောင်ကြတာ ကင်မရာသမားရယ်၊ ကင်မရာရယ်။ သက်ရှိနဲ့သက်မဲ့ (နာမ်ပိုင်းနဲ့ရုပ်ပိုင်းပေါ့ဗျာ)အလုပ်လုပ်တဲ့နေရာမှာ ဒါရိုက်တာရဲ့ လိုလားချက်၊ ညွှန်ကြားချက်၊ သရုပ်ဆောင် သို့မဟုတ် သရုပ်ဆောင်တွေ သရုပ်ဆောင်နေတာကို အရုပ်ထဲမှာ ခံစားမှုကို ပုံပေါ်အောင် ဖန်တီး(ကူညီ)ဖို့ နည်းပညာ Technique တက်ကနိကဗေဒ လိုအပ်ပါတယ်။

**ဖန်တီးမှု**

Technical Skill သာ မကဘူး၊ Art အနုပညာမာယာလည်းပါတယ်။ နည်းပညာတွေ တိုးတက်အဆင့်မြင့်လာလေလေ လှည့်စားမှုမာယာတွေဟာ အံ့ဖွယ်ဘနန်း ထူးခြားဆန်းကြယ်လေလေပေါ့။ Tricks ပရိယာယ်။ ။

အဲ့ဒါတွေဟာ အတတ်ပညာ၊ နည်းနာ၊ အနုပညာ၊ မာယာ၊ ပရိယာယ်ဝေဝုစ်၊ လှည့်စားမှု၊ လှည့်ဖြားမှု၊ ညို့ငင်ခြင်း၊ အနုပညာဖန်တီးမှုထဲမှာ အဲဒါတွေ ပါဝင်နေတယ်လေ။ အလင်္ကာသဘောလို့ ပြောနိုင်တာပေါ့ ။ စိတ်ကူး Fiction ဖန်တီးတာတွေ ပါတယ်လေ။

Cinematography စီနီမက်တိုဂရပ်ဖီ။ ရုပ်ရှင်ဓာတ်ပုံပညာဆိုတာ ညာတာ လှည့်စားတာပါ။

လိမ်ညာမှုလို့ မထင်စေရဘူး။

ယုံကြည်အောင် လုပ်နိုင်ရမယ်။

ပရိသတ်မသိစေရဘဲ ပိရိသေသပ်ရမယ်။ Art အနုပညာဆိုတာ ဒါပဲ။ To make believe ယုံကြည်သက်ဝင်အောင် လုပ်တတ်ရတယ်။

ယုံကြည်အောင်လုပ်ထားတဲ့အရာက အတုပါ။ ဒါပေမယ့် တကယ့်အစစ်နဲ့ ခွဲခြားမရတဲ့အတုပါ။ အစစ်ထက်တောင် ဖန်တီးရခက်တဲ့အတုပါ။ အမှုအရာ လုပ်တာကို မမြင်စေရ။ မသိစေရ။ အမှုအရာ ဖြစ်နေတာကိုသာ မြင်စေ သိစေရမှာတဲ့။ အဲဒါက အနုပညာသဘော။ ဖန်တီးမှုသဘော။ ပရိသတ်ကို လှည့်စားမှု ပြုရတဲ့သဘော။ မတူကွဲပြားခြားနားတာကို သိကြဖို့ပါ။

> ✻ ယုံကြည်အောင်လုပ်ထားတဲ့အရာက အတုပါ။ ဒါပေမယ့် တကယ့်အစစ်နဲ့ ခွဲခြားမရတဲ့ အတုပါ။ အစစ်ထက်တောင် ဖန်တီးရခက်တဲ့ အတုပါ။ အမှုအရာ လုပ်တာကို မမြင်စေရ။ မသိစေရ။ အမှုအရာဖြစ်နေတာကိုသာ မြင်စေ သိစေရမှာတဲ့။ အဲဒါကအနုပညာသဘော။ဖန်တီးမှုသဘော။ ပရိသတ်ကို လှည့်စားမှုပြုရတဲ့သဘော။ မတူကွဲပြားခြားနားတာကို သိကြဖို့ပါ။

**စာနယ်ဇင်း**

နိုင်ငံရေးသမားအကြောင်း စာရေးသူ ဘာမှထည့်မပြောလိုဘူး။ ပါတီနိုင်ငံရေးကို နားလည်း မလည်ဘူး။ စိတ်လည်း မဝင်စားခဲ့ဘူး။ အကောင်းအဆိုးလည်း ဘာမှမပြောတတ်ပါဘူး။

နှစ်ပေါင်း သုံးဆယ်ကျော် ကျင်လည်ဖြတ်သန်းခဲ့တာကတော့ စာနယ်ဇင်း၊ စာပေအနုပညာ နယ်ပယ်ပါ။ ပိုပြီး တိတိကျကျပြောပြရရင် ကဗျာတို့၊ ဝတ္ထုတို့ မဖန်တီးတတ်တဲ့ စကားပြေ၊ ဆောင်းပါးရှင်၊ သတင်းစာသမားသက်သက်ပါ။

သတင်းသမား၊ စာရေးသူတစ်ယောက်အနေနဲ့ သက်ကြီးစကား သက်ငယ်ကြားဆိုတာလို လူကြီးသူမများ ဆိုမိန့်ခဲ့တဲ့ စကားဆိုရင် တိုတိုရှည်ရှည်၊ နားထဲမှာ စွဲစွဲမြဲမြဲ ထည့်ထားရပါတယ်။ ဥပမာ–ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန်ကို ထူးချွန်ပြောင်မြောက်စွာထမ်းဆောင်ခဲ့တဲ့ ဦးသန့်(၁၉၀၉–၁၉၇၄)ဆိုတာ ကျောင်းဆရာကြီးလည်း မှန်ရဲ့၊ သတင်းစာဆရာ၊ စာရေးဆရာလည်း ဟုတ်ပါရဲ့။ နိုင်ငံတကာက လေးစားယုံကြည်လက်ခံရတဲ့ နိုင်ငံပြုပုဂ္ဂိုလ်ဆိုလည်း မမှားပါဘူး။ ဦးသန့် ပြောကြားခဲ့တဲ့စကား (၅)ခွန်းရှိတယ်လေ။

(၁) Have a purpose. ရည်ရွယ်ချက်ရှိပါ။

(၂) Make it different. တီထွင်ဖန်တီးဆန်းသစ်ပါ။

(၃) Do not take public opinion. အများသဘောမယူနဲ့။ (မှန်တာပဲလုပ်၊ တရားတာလုပ်၊ ကောင်းတာလုပ်ပါ)

(၄) Do not afraid to Fix it . ပြုပြင်ရမှာ မကြောက်ပါနဲ့။

(နည်းဗျူဟာနဲ့ ပတ်သက်တာမှာ ပြောင်းလွယ်ပြင်လွယ်မရှိ၊ တက်သာ ဆုတ်သာ မလုပ်တတ်ရင် ပြဿနာအကြီးကြီးနဲ့ ဒုက္ခတွေ့တတ်တယ်။ ထွက်ပေါက်ပိတ်မိတဲ့ အကျပ်အတည်းထဲ ကျရောက်တတ်တယ်)

(၅) Do not be guiled. အယုံမလွယ်မိပါစေနဲ့။ အလှည့်စားမခံရစေနဲ့။

**အလုပ်တာဝန်**

သတင်းစာဆရာ၊ သတင်းသမားရဲ့တာဝန်နဲ့ ကျင့်ဝတ်အကြောင်းများကို စာရေးသူ ဆောင်းပါးအတော်များများ ရေးသားခဲ့ဖူးပါပြီ။ မကြာမီကပင် သတင်းစာဆရာတွေဟာ အများပြည်သူရဲ့ လေးစားယုံကြည် အားကိုးခံရတဲ့ (Professional Journalists) သတင်းစာဆရာတွေ ဖြစ်စေချင်ပါကြောင်း ရေးလိုက်ပါသေးတယ်။

ဒီနေရာမှာ သတင်းသမားရဲ့ အဓိကထားရမယ့် အလုပ်တာဝန်အကြောင်း အနည်းငယ် တင်ပြပါရစေ။ အဲဒီလုပ်ငန်းရပ်တွေကို အသက်မွေးဝမ်းကျောင်းအဖြစ် ကျွမ်းကျင်တတ်မြောက်အောင် ကျွန်တော်တို့လည်း ကြိုးစားခဲ့ရတယ်။ လက်ရှိလုပ်ဆောင် အမှုထမ်းနေကြဆဲပုဂ္ဂိုလ်တွေလည်း ဆက်လက်ဆောင်ရွက်နေကြဆဲပဲ။

နောက်နောင်လည်း ဒီလုပ်ငန်း ဒီတာဝန် ဒီပညာရပ်ဆိုင်ရာ အခြေခံအနှစ်သာရ သဘောတွေက သိမြင်နားလည်ထားရမှာတွေပါ။ ထပ်ခါထပ်ခါ ပြောဆိုနေမိတယ်ထင်ရင်လည်း သည်းခံပါရန် တောင်းပန်ရမှာပါ။

*(ဆက်လက်ဖော်ပြပါမည်)*

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများလည်း ပူးပေါင်းပါဝင်ကြရန်လိုအပ်

မုံရွာ ဖေဖော်ဝါရီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လုပ်ဆောင်လျက်ရှိသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၌ ဌာနဆိုင်ရာများ၊ အခြားအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များအပြင် ဒေသခံပြည်သူများလည်းပူးပေါင်းပါဝင်မှသာ လုပ်ငန်းများအောင်မြင်နိုင်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးထံမှ သိရသည်။

တိုင်းဒေသကြီးအတွင်း လုပ်ဆောင်လျက်ရှိသော ရွှေသတ္တုတူးဖော်ခြင်း၊ ကျောက်မီးသွေးတူးဖော်ခြင်း၊ သစ်ထုတ်လုပ်ရေးလုပ်ငန်းများလုပ်ဆောင်လျက်ရှိသော လုပ်ငန်းများမလုပ်ကိုင်မီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အစီအမံများရေးဆွဲ လုပ်ကိုင်လျက်ရှိရာ ၎င်းလုပ်ငန်းစဉ်များအတိုင်း လုပ်ကိုင်မှု ရှိ/မရှိ စောင့်ကြည့်မှု အခြေအနေများတွင် ဒေသခံပြည်သူများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသဖြင့် ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။

"စစ်ကိုင်းတိုင်းဒေသကြီးရဲ့ သဘာဝပတ်ဝန်းကျင် ဘယ်လောက်အထိ ပျက်စီးနေသလဲ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ ပတ်ဝန်းကျင်ပျက်စီးမှုကို လွှမ်းခြုံကြည့်မယ်ဆိုရင် စီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့ အထူးသဖြင့် သတ္တုတူးဖော်ရေးလုပ်ငန်းတွေလုပ်တဲ့နေရာတွေမှာတော့ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုရှိတယ်ဆိုတာတော့ ငြင်းလို့မရဘူး၊ ဒါကိုလည်း အမြန်ဆုံးလျှော့ချနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုဆိုင်ရာကော်မတီရဲ့ လမ်းညွှန်ချက်တွေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးအဆင့် ကော်မတီရဲ့အောက်မှာလည်း ခရိုင်အဆင့်ကော်မတီတွေရှိပါတယ်။ ခရိုင်အဆင့် ကော်မတီတွေကနေ ကြီးကြပ်ပြီး ဆောင်ရွက်သွားဖို့ ရည်ရွယ်ထားပါတယ်။ အခြားသောကဏ္ဍတွေနဲ့ ပတ်သက်ပြီးတော့ သေသေချာချာ ဆာဗေးလုပ်နိုင်တဲ့ အနေအထားတော့ မရှိသေးပါဘူး။ အဲဒီအတွက်လည်း သုတေသနလုပ်ဖို့ အစီအစဉ်တွေလည်း ရှိပါတယ်။ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းတွေကို ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းအောင် လုပ်ဆောင်နိုင်ဖို့အတွက် ဌာနဆိုင်ရာများနဲ့အတူ အဲဒီဒေသတွေမှာရှိတဲ့ ပြည်သူတွေကလည်း ပူးပေါင်းပါဝင်ကြဖို့ လိုပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက ပြောသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေ ခန့်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

COVID-19 ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဖူးမြော်ခွင့် ယာယီရပ်ဆိုင်းထားရှိသည့် နိုင်ငံတစ်ဝန်းမှ ဘုရားစေတီပုထိုးများကို COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို တရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ဖူးမြော်ခွင့်ပြုခဲ့သည်။

**ဖူးမြော်ကုသိုလ်ယူလျက်ရှိ**

ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများသည် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကုသိုလ်ယူလျက် ရှိကြသည်။

**ဖူးမြော်နိုင်ရေး ဆောင်ရွက်ပေးထား**

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ လည်းကောင်း၊ နံနက် ၈ နာရီမှ ၉ နာရီအထိ လည်းကောင်း၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ နံနက်ပိုင်း ၃ ကြိမ်နှင့် မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိလည်းကောင်း၊ ညနေ ၃ နာရီမှ ၄ နာရီအထိ လည်းကောင်း၊ ညနေ ၅ နာရီမှ ၆ နာရီအထိလည်းကောင်း ဖူးမြော်နိုင်ရေး ဆောင်ရွက်ပေးထားကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ပြည်သူများ လာရောက်ဖူးမြော်ကုသိုလ်ယူကြစဉ်။

# ထေရ်ကြီးဝါကြီးဆရာတော်ကြီးများအား သွားရောက်ဖူးမြော်၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဓမ္မသာမိ (အောက်စဖို့ဒ်ဆရာတော်) အမှူးပြုသော ဆရာတော်ကြီးများနှင့် သံဃာတော်များအား ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲပိုင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နီလင်းအောင်နှင့် အဖွဲ့ဝင်များက သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ **(ဓာတ်ပုံ)**

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက ဒေါက်တာ ဓမ္မသာမိ (အောက်စဖို့ဒ်ဆရာတော်) ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓတက္ကသိုလ်ဝင်းအတွင်းရှိ ဗုဒ္ဓစာပေနှင့် ပတ်သက်သည့် စာကြည့်တိုက်ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ချမ်းသာရပ်ကွက်ရှိ သိမ်တောင်ပရိယတ္တိစာသင်တိုက်သို့သွားရောက်၍ ကျောင်းထိုင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ဘဒ္ဒန္တတေဇဝန္တ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညိုကြပြီး သံဃာတော်များအတွက် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ လက်ခံကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ ယာယီကုသရေး ဆေးရုံများဖွင့်လှစ်၍ ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပြင်ပမှ ဆရာဝန်များသည်လည်း ၎င်းတို့၏ သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၆၂၄၂ ဦး၊ အတွင်းလူနာ ၂၆၉၃ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၂၆၄ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၃၅ ဦး၊ စုစုပေါင်း ၃၉၉ ဦးတို့ကို ခွဲစိတ်ကုသ ပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၁၆၁ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၂၃၀ ကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ် ကလေးငယ် ၃၉၁ ဦးကို မွေးဖွားနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများ အနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ် ဆေးကုသမှုခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများမှလည်း လွှဲပြောင်း ကုသမှုခံယူနိုင်ကြောင်း သိရှိရသည်။

ယနေ့တွင် သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံတပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံများအတွက် အလှူငွေများနှင့် ဆေးရုံတက်ရောက်ကုသမှု ခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးတပ်ရင်းတွင် လာရောက်ဆေးကုသမှုခံယူကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား တိုင်းမှူး ဗိုလ်ချုပ်အောင်အောင် ကြည့်ရှုအားပေးစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ အကျဉ်းကျခံနေသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေချိန်တွင် ပြစ်ဒဏ်ကျ အကျဉ်းသား၊ အကျဉ်းသူများမှလည်း တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေမည့် နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲပေးရန်အတွက် လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှုသောအားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမိန့်အမှတ်၊ ၅၉/၂၀၂၁ နှင့် ၆၀/၂၀၂၁ တို့ဖြင့် အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြသော အကျဉ်းသား၊ အကျဉ်းသူ ၂၃၃၁၄ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၅၅ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ခြင်းကြောင့် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ အကျဉ်းကျခံနေကြသော အကျဉ်းသား၊ အကျဉ်းသူ ၂၃၃၁၄ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၅၅ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ၊ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ် ပြစ်မှု ထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ကြောင်းနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူတို့ကို ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြိတ်မြို့တွင် အကျဉ်းသား၊ အကျဉ်းသူ ၆၀၂ ဦး လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်

**မြိတ် ဖေဖော်ဝါရီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင် ကုန်ထုတ်စခန်းတို့၌ အကျဉ်းကျခံနေရသော အကျဉ်းသား၊ အကျဉ်းသူ ၆၀၂ ဦးကို ဖေဖော်ဝါရီ ၁၂ ရက်တွင် စည်းကမ်းသတ်မှတ်ချက်ထားကာ ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွှတ်ပေးခဲ့ကြောင်း သိရသည်။



ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွှတ်ပေးခဲ့သော အကျဉ်းသား၊ အကျဉ်းသူများမှာ မြိတ်အကျဉ်းထောင်မှ အကျဉ်းသား ၃၄၁ ဦး၊ အကျဉ်းသူ ၇၂ ဦးနှင့် ကျောက်ဖြူတောင်ကျေးရွာ၊ ကျောက်ဖြူတောင် ကုန်ထုတ်စခန်း၌ အကျဉ်းကျခံနေရသော အကျဉ်းသား ၁၈၉ ဦး၊ စုစုပေါင်း ၆၀၂ ဦး ဖြစ်သည်။

ထိုသို့ လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွှတ်ပေးရာတွင် အကျဉ်းသားများအား ၎င်းတို့ပြစ်ဒဏ်ကျခံရစဉ်က ရရှိသည့် လုပ်အားခငွေများကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

မြိတ်ခရိုင် (ပြန်/ဆက်)

## မိတ္ထီလာအကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်ဖြင့် အကျဉ်းသား ၁၀၀ ကျော် လွှတ်ပေး

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အကျဉ်းဦးစီးဌာနမှ လွတ်ငြိမ်းသက်သာခွင့်ဖြင့် အကျဉ်းသား ၁၀၀ကျော် ကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီက နန်းတော်ကုန်းရပ်ကွက်ရှိ အကျဉ်းထောင်မှ လွှတ်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အုန်းဟန်ဦး၊ မိတ္ထီလာအကျဉ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ရွှေတို့က လွတ်မြောက်မည့် အကျဉ်းသား၊ အကျဉ်းသူများအား မိတ္ထီလာအကျဉ်းဦးစီးဌာနဝင်းအတွင်းရှိ အစည်းအဝေးခန်းမတွင် ဆုံးမသြဝါဒစကားများ ပြောကြားပြီး အကျဉ်းသား၊ အကျဉ်းသူများအား လမ်းစရိတ်အဖြစ် ထောက်ပံ့ငွေများ ပေးအပ်သည်။

မိတ္ထီလာမြို့နယ် အကျဉ်းဦးစီးဌာနရှိ အကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်ဖြင့် အကျဉ်းသား ၈၉ ဦးနှင့် အကျဉ်းသူ ၂၀ တို့ကို လွှတ်ပေးခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## ထားဝယ်အကျဉ်းထောင်မှ အကျဉ်းသား ၁၂၈ ဦး လွတ်ငြိမ်းသက်သာခွင့်ပေး

**ထားဝယ် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အမိန့်အမှတ် ၅၉/ ၂၀၂၁နှင့် ၆၀/၂၀၂၁ တို့ဖြင့် ယနေ့ ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်ထုတ်ပြန်ခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်အကျဉ်းထောင်မှ အမျိုးသား ၁၁၉ ဦး၊ အမျိုးသမီး ကိုးဦး၊ စုစုပေါင်း ၁၂၈ ဦးအား လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့ကြောင်း သိရသည်။

လွတ်ငြိမ်းသက်သာခွင့် ရရှိသူများကို ၎င်းတို့၏ မိဘ၊ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးသားချင်းများက လာရောက်ကြိုဆိုကြကြောင်း သတင်းရရှိသည်။

**ထားဝယ်ခရိုင် (ပြန်/ဆက်)**

## စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၂၄၉ ဦး လွတ်မြောက်

**စစ်တွေ ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အမိန့်အမှတ် ၅၉/ ၂၀၂၁နှင့် ၆၀/၂၀၂၁ တို့ဖြင့် ယနေ့ ဖေဖော်ဝါရီ၁၂ရက် (ပြည်ထောင်စုနေ့) တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့် ထုတ်ပြန်ခဲ့ရာ စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၂၄၉ ဦး လွတ်မြောက်လာကြောင်း သိရသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေချိန်တွင် ပြစ်ဒဏ်ကျ အကျဉ်းသား၊ အကျဉ်းသူများမှလည်း တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေမည့် နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲပေးရန်အတွက်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံသား အကျဉ်းသား၊ အကျဉ်းသူများနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်ခြင်းဖြစ်သည်။

ထိုသို့ လွတ်ငြိမ်းသက်သာခွင့်ပေးရာတွင် စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား ၂၁၈ ဦး၊ အကျဉ်း သူ ၃၁ ဦး လွတ်မြောက်ခဲ့ပြီး ၎င်းတို့အနက် နိုင်ငံခြားသားတစ်ဦး ပါဝင်ကြောင်း သိရသည်။

အဆိုပါ လွတ်မြောက်လာသူများအား မိသားစုဝင်များ၊ သူငယ်ချင်းနှင့် မိတ်ဆွေများက ပျော်ရွှင်စွာကြိုဆိုခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ဗန်းမော်အကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၃၂၈ ဦး လွတ်ငြိမ်းသက်သာခွင့်ရ

**ဗန်းမော် ဖေဖော်ဝါရီ ၁၂**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ဗန်းမော်အကျဉ်းထောင်မှ လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၃၂၈ ဦး ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၁ နာရီက လွတ်ငြိမ်းသက်သာခွင့်ရခဲ့ကြောင်း သိရသည်။

ထိုသို့ လွတ်ငြိမ်းသက်သာခွင့်ပေးရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှထုတ်ပြန်သော လွတ်ငြိမ်းသက်သာခွင့်အမိန့်အရ လွတ်မြောက်မည့် အကျဉ်းသား ၂၆၇ ဦးနှင့် အကျဉ်းသူ ၆၁ ဦး စုစုပေါင်း ၃၂၈ ဦးတို့အား ဗန်းမော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ခေတ္တဥက္ကဋ္ဌ ဦးတင့်နိုင်၊ ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးမြင့်အောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးထွန်းဦးနှင့် ဗန်းမော်အကျဉ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းတို့က ဆုံးမသြဝါဒစကားများပြောကြားပြီး ထောက်ပံ့ငွေ အသီးသီးပေးအပ်ကြောင်း သိရသည်။

ကိန်းဖြူ(ပြန်/ဆက်)

## ဘူးသီးတောင်အကျဉ်းထောင်မှ နိုင်ငံတော်လွတ်ငြိမ်းသက်သာခွင့်ဖြင့် အကျဉ်းသား၊ အကျဉ်းသူ ၁၆၃ ဦး လွှတ်ပေး

**ဘူးသီးတောင် ဖေဖော်ဝါရီ ၁၂**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်အကျဉ်းထောင်မှ နိုင်ငံတော် လွတ်ငြိမ်းသက်သာခွင့်ဖြင့် အကျဉ်းသား/အကျဉ်းသူ ၁၆၃ ဦးလွှတ်ပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက ဘူးသီးတောင်မြို့ အကျဉ်းဦးစီးဌာန မြတ်ရတနာခမ်းမဆောင်၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေလှအောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်သူဝင်းတို့က လွတ်မြောက်လာသော အကျဉ်းသားများအား ဆုံးမသြဝါဒစကား ပြောကြားသည်။

ထို့နောက် ဘူးသီးတောင်အကျဉ်းထောင်မှ တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ဌေးက အမှာစကားပြောကြားကာ လွတ်ငြိမ်းသက်သာခွင့်ရရှိသူများအား ထောင်ထွက်လက်မှတ်နှင့် စားစရိတ်၊ ခရီးစရိတ်တို့ကို တာဝန်ရှိသူများက ပေးအပ်ကြောင်း သိရသည်။

လှကျော် (ပြန်/ဆက်)

## တပ်ကုန်းမြို့နယ် ကင်းသာအကျဉ်းဦးစီးဌာန(၁)၊ (၂)ကုန်ထုတ်စခန်းမှ လွတ်ငြိမ်းသက်သာခွင့်ရရှိသူ အကျဉ်းသား ၃၁၉ ဦး လွှတ်ပေး

**တပ်ကုန်း ဖေဖော်ဝါရီ ၁၂**

တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာအုပ်စုရှိ အကျဉ်းဦးစီးဌာန ကင်းသာ(၁)၊ (၂) ကုန်ထုတ်စခန်းမှ လွတ်ငြိမ်းသက်သာခွင့်ရရှိပြီး လွတ်ရက်စေ့သူများကို ယနေ့နံနက် ၈ နာရီခွဲက လွှတ်ပေးကြောင်း သိရသည်။

လွတ်ရက်စေ့သူများအား တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ အကျဉ်း(၁) စခန်းတာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဦးညဏ်လင်းအောင်၊ အကျဉ်း(၂)စခန်းတာဝန်ခံ ဦးစိုးသီဟနှင့် သက်ဆိုင်ရာဌာန တာဝန်ရှိသူများက ဆုံးမသြဝါဒစကားပြောကြားပြီး အကျဉ်းဦးစီးဌာန (၁) ကုန်ထုတ်စခန်းမှ အကျဉ်းသား ၁၈၂ ဦး၊ အကျဉ်းဦးစီးဌာန(၂)ကုန်ထုတ်စခန်းမှ အကျဉ်းသား ၁၃၇ဦး စုစုပေါင်း ၃၁၉ ဦးတို့အား နံနက် ၁၀ နာရီခွဲခန့်က နေရပ်များအသီးသီးသို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကသာမြို့ အကျဉ်းထောင်၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းသား ၅၂၅ ဦး လွတ်မြောက်

**ကသာ ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ရှိ အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသူ ၅၀၀ ကျော်အား ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၁ နာရီက လွတ်ပေးကြောင်း သိရသည်။

ကသာမြို့ အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံရသူများအား ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်ရာ အမျိုးသား ၄၇၃ ဦး၊ အမျိုးသမီး ၅၂ ဦး စုစုပေါင်း ၅၂၅ ဦးကို ထီးချိုင့်၊ ဝန်းသို၊ ကောလင်း၊ ပင်လည်ဘူး၊ ဗန်းမောက်၊ အင်းတော်မြို့နယ်နေသူများအား ကသာအကျဉ်းထောင်မှ တာဝန်ရှိသူများက မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးကြောင်း သိရသည်။

ငွေအိုး (ကသာ)

# တမူးခရိုင် မြို့သစ်မြို့၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းသား ၃၃၇ ဦး လွတ်မြောက်

**မြို့သစ် ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် မြို့သစ်မြို့ရှိ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေကြရသော အကျဉ်းသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် ဖေဖော်ဝါရီ ၁၂ ရက်က လွတ်ငြိမ်းခွင့်ပြုခဲ့ရာ မြို့သစ်မြို့အကျဉ်းစခန်းမှ ၁၀၆ ဦး၊ ဗန္ဓုလအကျဉ်းစခန်းမှ ၉၁ ဦး၊ သနန်အကျဉ်းစခန်းမှ ၁၀၂ ဦး၊ အုတ်ဖိုကန်ဘောင်(ဝက်ရှူ) အကျဉ်းစခန်းမှ ၃၈ ဦး စုစုပေါင်း ၃၃၇ ဦး လွတ်မြောက်ကြောင်း သိရသည်။

ထွန်းမင်းအောင်(ကဘော်မြေ)

**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်**






# ကျောက်ပန်းတောင်းမြို့နယ်၌ ဆောင်းကြက်သွန်များ ဈေးနှုန်းကျဆင်းခြင်းကြောင့် မျိုးပန်းစိုက်ပျိုးကာ မျိုးစေ့ပျိုးထောင်ရောင်းချရန် စိုက်ပျိုးမှုများလာ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ဆောင်းကြက်သွန် အမြောက်အမြား စိုက်ပျိုးကြသည့် ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာများသည် ယခုနှစ်တွင် ဆောင်းကြက်သွန်ခေါ် လှောင်ကြက်သွန်နီများ လှောင်ရာသီကုန်ချိန်အထိ ဈေးနှုန်းမကောင်းခြင်းကြောင့် မျိုးစေ့ပျိုးအဖြစ် စိုက်ပျိုးမှု များလာကြောင်း မုန့်ကုန်းကျေးရွာ ဆောင်းကြက်သွန် စိုက်ပျိုးတောင်သူ ဦးမင်းညိုထံမှ သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ဆောင်းကြက်သွန်နီခေါ် လှောင်ကြက်သွန်နီစိုက်ပျိုးကြသည့် ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင်ကျေးရွာများဖြစ်ကြသော လက်ပံအိုင့်၊ လဲဂွ ၊ ကုန်းတဲ၊ ညောင်ဖြူပင်၊ ဆပ်ပြာကျင်း၊ မုန်းကုန်း၊ ညောင်ချိုင်း၊ ကင်မွန်းခြုံ၊ စည်ပင်သာ၊ မကျီးတိုင်း၊ အိုးအိုင်ကျေးရွာများသည် ဆောင်းကြက်သွန်နီ အမြောက်အမြား စိုက်ပျိုးကြသည့် ကျေးရွာများဖြစ်ကြကာ ယခုနှစ်တွင် ဆောင်းကြက်သွန်ရောင်းချချိန် ရာသီကုန်ချိန်အထိ တစ်ပိဿာ ငွေကျပ် ၁၀၀ မှ ၅၀ ကျပ်ထိ ဈေးနှုန်းကျဆင်းခဲ့ကာ ကြက်သွန်ဟောင်းများ စိုက်ပျိုးသူတောင်သူများ လက်ဝယ်နှင့် လှောင်လက်ပွဲစားများဆီ ကျန်ရှိနေခြင်းကြောင့် ကြက်သွန်မျိုးစေ့အတွက် စိုက်ပျိုးမှုများပြားခဲ့ကြောင်း သိရသည်။

ကြက်သွန်မျိုးပန်းစိုက်ပျိုးခြင်းကို သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလတို့တွင် စိုက်ပျိုးရပြီး ရွေးချယ်ထားသည့် ဥကြီး၊ ဥဝိုင်းများကို သမားရိုးကျစိုက်ပျိုးကာ ကိုယ်တိုင်ကြက်သွန်မျိုးကောင်း ရွေးချယ်ပျိုးထောင်စိုက်ပျိုးကြကြောင်း၊ ယခုနှစ် ကြက်သွန်စိုက်ပျိုး တောင်သူများလက်ဝယ်တွင် ကြက်သွန်ဥရွေးချယ်ပျိုးထောင်ရန် အချိန်မရှိတော့ဘဲ ပျိုးထောင်လာခဲ့ပြီး မျိုးစေ့ စိုက်ပျိုးမှုများလာခဲ့ကြောင်း သိရသည်။

မောင်မောင်ထိန်
(ကျောက်ပန်းတောင်း)

# ဆေးလိပ်သောက်ခြင်းနှင့် ကိုဗစ်ဟာ အန္တရာယ်ရှိတဲ့ ပေါင်းစပ်မှုတစ်ခုပါ



**#LETSBEATCOVIDTOGETHER**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အဆိုအရ ဆေးရုံတင်ထားရသည့် COVID-19 လူနာများထဲမှာ ရောဂါလက္ခဏာပြင်းထန်စွာခံစားရခြင်းနှင့် သေဆုံးမှုမြင့်တက်ခြင်းဟာ ဆေးလိပ်သောက်ခြင်းနှင့် ဆက်စပ်မှုရှိတယ်လို့ ဆိုပါတယ်။ ဆေးလိပ်သောက်ခြင်းက နှလုံးနှင့်အဆုတ်ရောဂါဖြစ်နိုင်ခြေကို မြင့်တက်စေပါတယ်။ ဒီလိုအကြောင်းတွေကြောင့် ယခုအချိန်က သင်ဆေးလိပ်ဖြတ်ဖို့အတွက် အသင့်တော်ဆုံးအချိန်ပါ။ ဒီလိုဖြတ်လိုက်မယ်ဆိုရင် သင့်မိသားစုကလည်း ကျေးဇူးတင်မှာပါ။

# COVID-19 ကပ်ရောဂါကူးစက်မှုလျှော့ချနိုင်ဖို့ ဤအချက်များကို ရှောင်ကြဉ်ရန် လူတိုင်းတာဝန်ရှိသည်။



**#LETSBEATCOVIDTOGETHER**

လူတိုင်း ကိုယ့်တာဝန်ကိုယ်ယူပါ၊ ရှောင်ကြဉ်ရန် အချက် (၃) ချက်ကို လိုက်နာပါ။ မိမိကိုယ်တိုင်နဲ့ အခြားသူတွေကိုပါ COVID-19 မှ ကင်းဝေးအောင် နေထိုင်ပြုမူပါ။
(၁) လူအစုအဝေးကို ရှောင်ရှားပါ။
(၂) လူအများနဲ့အနီးကပ်ပြောဆိုဆက်ဆံတာကို ရှောင်ရှားပါ။
(၃) လူအများအပြားရှိတဲ့ အလုံပိတ်နေရာတွေနဲ့ လေဝင်လေထွက်ကောင်းစွာမရတဲ့နေရာတွေကို သွားရောက်တာ ရှောင်ရှားပါ။
ရောဂါကူးစက်မှုကို လျှော့ချနိုင်ဖို့ဆိုတာ တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်လို့ရတဲ့ အရာမဟုတ်ပါဘူး။ အားလုံးညီတူ ဆောင်ရွက်မှသာ အောင်မြင်မှာ ဖြစ်ပါတယ်။ COVID ကို အတူတကွတိုက်ထုတ်ကြပါစို့။

# စည်းကမ်းများကို လေးစားလိုက်နာ ကျင့်ဝတ်သိက္ခာကို စောင့်စည်းခြင်းဖြင့် .....

ကိုထွန်းခင်

"ကျွန်တော် ရုံးတက်ပါတယ်။ ဘယ်အစိုးရကိုမှ ကိုယ်စားမပြုဘဲ နိုင်ငံ့ဝန်ကို ထမ်းပါတယ်။ ကျွန်တော့် ဘဏ်အကောင့်ထဲမှာ သိန်းရာချီမရှိတဲ့အတွက် ကျွန်တော် ရုံးတက်ပါတယ်။ ကိုယ်ပိုင်လုပ်ငန်းရှင် မဟုတ်တဲ့အတွက် ကျွန်တော် ရုံးတက်ပါတယ်။ ကျောထောက်နောက်ခံ မိဘဆွေမျိုးနဲ့ ငွေအင်အားမရှိတဲ့အတွက် ကျွန်တော် ရုံးတက်ပါတယ်။ ကျွန်တော့် မိဘနဲ့ မိသားစုအတွက် တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုနိုင်ဖို့ ကျွန်တော် ရုံးတက်ပါတယ်။ နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ ကျရာတာဝန်ထမ်းဆောင်ဖို့ ကျွန်တော် ရုံးတက်ပါတယ်။ လူတစ်ဦး တစ်ယောက်ချင်းစီရဲ့ ဘဝပေး အခြေအနေနဲ့ အတွေးအခေါ်များအရ သင်တို့ရဲ့ ရွေးချယ်မှုကို လေးစားပါတယ်။ ဂုဏ်ယူပါတယ် " စသဖြင့် မကြာမီရက်ပိုင်းက လူမှုကွန်ရက်စာမျက်နှာတွင် နိုင်ငံ့ဝန်ထမ်းတစ်ဦး ရေးသားထားသည့် Post တစ်ခုကို ဖတ်လိုက်ရသည်။

အဆိုပါ ပို့စ်နှင့် ဆက်စပ်ပြီးစဉ်းစားမိသည်မှာ နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍဖြစ်သည်။ သင်ရော နိုင်ငံ့ဝန်ထမ်းတစ်ယောက်ဆိုလျှင် ရုံးတက်သင့်သည်ဟု ထင်မြင်ပါသလား။ အဖြေပေးရန်မလိုပါ။ စိတ်ခံစားချက်များနှင့် ယုံကြည်ချက်တို့သည် အမျိုးမျိုးပင် ကွဲပြားလိမ့်မည်ဖြစ်သည်။

သို့သော် နိုင်ငံတော်၏ ဝန်ထမ်းအဖွဲ့အစည်း တစ်ရပ်ရပ်တွင် တာဝန်ခန့်အပ်ခြင်းခံရသည့် ဝန်ထမ်းများသည် အစိုးရနှင့်ပြည်သူများအကြား ကြားခံဆက်သွယ်ပေးရမည့်သူများဖြစ်သည်။ အစိုးရ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခေတ်စနစ်နှင့် လိုက်လျောညီထွေစွာ သစ္စာရှိရှိ၊ တာဝန်သိသိဖြင့် လိုက်ပါပူးပေါင်းဆောင်ရွက်နိုင်ရမည်ဖြစ်သည်။

ပြည်သူ့အတွက် ဝန်ဆောင်ပေးရသည့် ပြည်သူ့ဝန်ထမ်းတစ်ဦးတွင် ထမ်းဆောင်ရမည့် တာဝန်များ၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ လိုက်နာရမည့် စည်းကမ်းများရှိပြီး ပြည်သူတို့အတွက် ဝန်ဆောင်မှုများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရန်၊ ပြည်သူကိုဗဟိုပြုပြီး ကျင့်ဝတ်သိက္ခာစောင့်ထိန်းသော နိုင်ငံ့ဝန်ထမ်းများဖြစ်ရန်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်တို့မှာ နိုင်ငံ့ဝန်ထမ်းတို့ ဂရုပြုဆောင်ရွက်ရမည့် အချက်များပင်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို အလေးထား၍ ဆောင်ရွက်ခြင်း၊ နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် အလွဲသုံးစားမှုမပြုရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မိမိအားပေးအပ်ထားသော တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ ဝန်ထမ်းအဖွဲ့အစည်းအလိုက် သီးခြားသတ်မှတ်ထားသော လုပ်ငန်းခွင်စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊ ပါတီနိုင်ငံရေးကင်းရှင်းခြင်း၊ ရာထူးဝန်အဖွဲ့က သတ်မှတ်ထားသော သင်တန်းများကို တက်ရောက်ခြင်း၊ အကျင့်စာရိတ္တ ပျက်ပြားခြင်းနှင့် သိက္ခာမဲ့စွာပြုမူနေထိုင်ခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ တာဝန်အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်ခြင်း၊ လာဘ်ပေးလာဘ်ယူ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပြည်သူကို ရိုသေလေးစားခြင်းတို့သည် နိုင်ငံ့ဝန်ထမ်းများ ထမ်းဆောင်ရမည့် တာဝန်များပင်ဖြစ်သည်။

ထို့အတူ နိုင်ငံ့ဝန်ထမ်းဟုဆိုလျှင် ရိုးဖြောင့်သူ၊ ဂုဏ်သိက္ခာရှိသူအဖြစ် အများ၏ လေးစားမှုကို ရရှိခဲ့ကြသလို နိုင်ငံ့ဝန်ထမ်းများ၏ သဘောထား၊ ခံယူချက်တို့သည် မှန်ကန်ဖြောင့်မတ်နေရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းအရေအတွက်သည် နိုင်ငံလူဦးရေ၏ ၁ ဒသမ ၄ ရာခိုင်နှုန်းသာရှိရာ နိုင်ငံ့ဝန်ထမ်းတစ်ယောက်ဖြစ်ရန်မှာ ရတောင့်ရခဲသော အခွင့်အရေးတစ်ရပ်လည်းဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးပါလှရာ လူတစ်ဦးနှင့် ခိုင်းနှိုင်းဥပမာပြရမည်ဆိုပါက လူခန္ဓာကိုယ်အတွင်းရှိ အရေးကြီးသည့် အစိတ်အပိုင်းများဖြစ်သည့် နှလုံး၊ ကျောက်ကပ်၊ အသည်း၊ သည်းခြေ၊ အဆုတ် တို့သဖွယ်ပင်ဖြစ်သည်။ လူတစ်ဦးကျန်းမာဖို့ရန် အိပ်စက်အနားယူရသော်လည်း ထိုအင်္ဂါအစိတ်အပိုင်းများသည် အနားယူချိန် အကြားအလပ်မရှိ အလုပ်လုပ်ကြရသည်။

လူတစ်ဦးအိပ်စက်နေချိန်တွင်လည်း နှလုံးခုန်နေပြီး နှလုံးခုန်ခြင်းသည် အသက်ရှင်နေသည်ကို ပြသနေခြင်းဖြစ်

## "နိုင်ငံတစ်ခု၏ နှလုံးသည်းပွတ်နှင့်တူသော ပြည်သူကို ဝန်ဆောင်မှုပေးနေသည့် ပြည်သူ့ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို လေးစားလိုက်နာကာ ကျင့်ဝတ်သိက္ခာ စောင့်စည်းခြင်းဖြင့် နိုင်ငံတော်မှ အကောင်အထည်ဖော်နေသည့် လုပ်ငန်းယန္တရားများကို ပုံမှန်လည်ပတ်နိုင်အောင် လုပ်ဆောင်ရမည်ဖြစ်သည်။ သို့မှသာ ဝန်ထမ်းကောင်းမှ တိုင်းပြည် ကောင်းမည်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်"

သည်။ ထို့ကြောင့် အင်္ဂါအစိတ်အပိုင်းများ၏ လုပ်ငန်းဆောင်တာများသည် အကြောင်းတစ်ခုခုကြောင့် ပုံမှန်အလုပ်မလုပ်ဆောင်နိုင်သည့်အခါ ကျန်းမာရေး ချို့ယွင်းတော့မည်၊ လူတစ်ဦး နှလုံးခုန်ရပ်သွားသည့်အခါ အသက်သေဆုံးတော့မည်ဖြစ်သည်။

ထိုကဲ့သို့ **နိုင်ငံတစ်ခု၏ နှလုံးသည်းပွတ်နှင့်တူသော ပြည်သူကို ဝန်ဆောင်မှုပေးနေသည့် ပြည်သူ့ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို လေးစားလိုက်နာကာ ကျင့်ဝတ်သိက္ခာ စောင့်စည်းခြင်းဖြင့် နိုင်ငံတော်မှ အကောင်အထည်ဖော် နေသည့် လုပ်ငန်းယန္တရားများကို ပုံမှန်လည်ပတ်နိုင်အောင် လုပ်ဆောင်ရမည်ဖြစ်သည်။ သို့မှသာ ဝန်ထမ်းကောင်းမှ တိုင်းပြည်ကောင်းမည်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။**

ယခုအခါ နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများကို အခွင့်ကောင်းယူကာ တိုင်းပြည်အကျိုး မလိုလားသူများက ဝန်ထမ်းများကို ပစ်မှတ်ထားကာ ဝန်ထမ်းများ၏ စိတ်ဓာတ်နှင့် ခံယူချက် ပျက်ပြားအောင် စည်းရုံးလှုံ့ဆော်နေသည်။ ကိုယ်နှင့်မတူ ကိုယ့်ရန်သူကဲ့သို့ သဘောထားကာ ရုံးတက်နေသည့် နိုင်ငံ့ဝန်ထမ်းများကို ဓာတ်ပုံရိုက်၊ လူမှုကွန်ရက် စာမျက်နှာသို့ ဖြန့်ကာ မတော်မတရားစွပ်စွဲပြီး အရှက်ခွဲခြင်း၊ လှောင်ပြောင်ကဲ့ရဲ့ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကိုလည်း ပြုလုပ်နေကြသည်။

## "နိုင်ငံ့ဝန်ထမ်းများသည် ၎င်းတို့ လှုံ့ဆော်သည့်အတိုင်း၊ ကြံစည်သည့်အတိုင်း ထမြောက်အောင်မြင်မှုမရှိရအောင် ထက်သန်ရဲရင့်သော ဘယ်သူဖျက်ဖျက်မပျက်သော ယုံကြည်ချက်တို့ဖြင့် ရင်ဆိုင်ကျော်လွှားကြရမည်ဖြစ်သည်။ တွေ့ကြုံနေရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို မိမိတို့ဘဝသမိုင်းတွင် မှတ်ကျောက်တင်သည့် စမ်းသပ်ချက်များ အဖြစ် ရှုမြင်ပြီး မိမိတို့ပါဝင် ဆောင်ရွက်ရသည့် လုပ်ငန်းအပေါ် တန်ဖိုး ထားမှု၊ စေတနာထားမှု၊ ရိုသေချစ်ခင်မှုများဖြင့် မိမိသမိုင်းကို မိမိတို့ ရေးကြရမည်"

**နိုင်ငံ့ဝန်ထမ်းများသည် ၎င်းတို့ လှုံ့ဆော်သည့်အတိုင်း၊ ကြံစည်သည့်အတိုင်း ထမြောက်အောင်မြင်မှုမရှိရအောင် ထက်သန်ရဲရင့်သော ဘယ်သူဖျက်ဖျက် မပျက်သော ယုံကြည်ချက်တို့ဖြင့် ရင်ဆိုင်ကျော်လွှားကြရမည်ဖြစ်သည်။ တွေ့ကြုံနေရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို မိမိတို့ဘဝသမိုင်းတွင် မှတ်ကျောက်တင်သည့် စမ်းသပ်ချက်များအဖြစ် ရှုမြင်ပြီး မိမိတို့ ပါဝင်ဆောင်ရွက်ရသည့် လုပ်ငန်းအပေါ် တန်ဖိုးထားမှု၊ စေတနာထားမှု၊ ရိုသေချစ်ခင်မှုများဖြင့် မိမိသမိုင်းကို မိမိတို့ရေးကြရမည်။**

နိုင်ငံတော်နှင့် နိုင်ငံ့ဝန်ထမ်းသည် တစ်သားတည်း ခွဲခြားမရနိုင်သလို နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေးမှာလည်း နိုင်ငံ့ဝန်ထမ်းများ၏ ကျင့်ဝတ်လိုက်နာရေး၊ စွမ်းဆောင်ရည် မြင့်မားတိုးတက်ရေးတို့နှင့် တိုက်ရိုက်အချိုးကျလျက်ရှိရာ မိမိတို့မိသားစု၊ မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့လုပ်ငန်းခွင် ထိုမှတစ်ဆင့် ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် မြော်တွေးကာ တော်တည့်မှန်ကန်သည့် စိတ်ဓာတ်အင်အားများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေးဆီသို့ နိုင်ငံ့ဝန်ထမ်းတို့၏ စွမ်းပကားဖြင့် ပူးပေါင်းပါဝင်ကြရန် ရေးသားတင်ပြလိုက်ရပါကြောင်း။ ။

---

## ရခိုင်ပြည်နယ်အတွင်းရှိ ဘုရားစေတီပုထိုးများ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်

စစ်တွေ ဖေဖော်ဝါရီ ၁၂

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဖူးမြော်ခွင့် ယာယီရပ်ဆိုင်းထားရှိသည့် ရခိုင်ပြည်နယ်အတွင်းရှိ ဘုရားစေတီပုထိုးများကို အများပြည်သူ စိတ်အေးချမ်းစွာ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဖေဖော်ဝါရီ ၈ ရက်မှစတင်ကာ ပြန်လည်ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

ယနေ့တွင် စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်နှင့် စကြာမုနိဘုရား၌ လာရောက်ဖူးမြော်ကြည်ညိုကြသူများသည် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖူးမြော်ကုသိုလ်ယူကြောင်း သိရသည်။

ဝင်းမင်းစိုး (ပြန်/ဆက်)

# မိုးညှင်း၊ ဆီဆိုင်၊ ကလောမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီခွဲတွင် မိုးညှင်းမြို့နယ်ရွှေဘို-မြစ်ကြီးနားကားလမ်း၌ လှသိန်း မောင်းနှင်ပြီး မခင်မာဌေး(ခ) ဒေါ်စိန်(ခ)မဌေး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၁၀ ဒသမ ၅ ကီလိုကို လည်းကောင်း။



ခွန်မောင်ဖွေနှင့် ခွန်ထွန်းလေးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ မွန်းလွဲ ၃ နာရီခွဲတွင် ဆီဆိုင်မြို့နယ် ဘန်းယဉ်-ဟိုပုံးသွား ကားလမ်း၌ ခွန်မောင်ဖွေ မောင်းနှင်ပြီး ခွန်ထွန်းလေး လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၅ နာရီတွင် ကလောမြို့နယ် ကလော-သာစည်သွားကားလမ်း မိုင်တိုင်အမှတ် (၆၅/၃)အနီး၌ ရန်မိုးနောင်(ခ) အရှုံဒတ်အလီ မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# တောင်ကုတ်မြို့နယ်၌ ကြက်မွေးမြူရေးခြံ မီးလောင်မှုဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်၌ ဖေဖော်ဝါရီ ၁၁ ရက်က မီးလောင်မှုဖြစ်ပွားသည်။

တောင်ကုတ်မြို့နယ် ဒုံးကျေးရွာနေ အောင်ဝင်းလွင်(၃၀ နှစ်)သည် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၃ နာရီ မိနစ် ၂၀ က ၎င်းပိုင်ဆိုင်သည့် ကြက်မွေးမြူရေးခြံ၌ ကြက်ပေါက်များအား အနွေးဓာတ်ရရှိရေးအတွက် ဝါးကြမ်းခင်းပေါ်တွင် မီးသွေးမီးဖိုဖြင့် မီးမွှေးထားရာမှ မီးပွားများ လွင့်စဉ်ပြီး မီးစတင်လောင်ခဲ့ရာ နံနက် ၃ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ခနိမိုး၊ ဝါးကာ၊ ဝါးခင်း၊ ကြက်မွေးမြူရေးခြံနှင့် ကြက်အကောင် ၁၅၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ပြီး အောင်ဝင်းလွင်အား တောင်ကုတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ရွှေပြည်သာမြို့နယ်၌ ဝိုင်းဝန်းရိုက်နှက်ထိုးကြိတ်မှုကြောင့် အမျိုးသားတစ်ဦး သေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ဖေဖော်ဝါရီ ၁၀ ရက်က မော်တော်ယာဉ် Alarm အချက်ပေးသံ ပိတ်ပေးရန်ပြောဆိုရာမှ ဝိုင်းဝန်းရိုက်နှက် ထိုးကြိတ်မှုကြောင့် အမျိုးသား တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ (၂၄)ရပ်ကွက်နေ ထွန်းမင်းဇော်(၄၆ နှစ်)သည် ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲက နေအိမ်၌ရှိနေစဉ် အိမ်နီးချင်းဖြစ်သူ ပြောင်ကြီး (ခ) ကျော်သူရ(၄၄ နှစ်)၏ နေအိမ်ရှေ့၌ ရပ်တန့်ထားသော မော်တော်ယာဉ်သည် အချက်ပေးသံ (Alarm) အကြိမ်ကြိမ်မြည်နေသဖြင့် ထွန်းမင်းဇော်က Alarm ပိတ်ပေးရန် သွားရောက်ပြောဆိုသည့် ကိစ္စနှင့် ပတ်သက်၍ ပြောင်ကြီး(ခ) ကျော်သူရနှင့် စကားများရန်ဖြစ်ရာမှ ပြောင်ကြီး(ခ) ကျော်သူရက သစ်သားတုတ်ဖြင့်ရိုက်နှက်ခဲ့ပြီး ၎င်း၏ သားဖြစ်သူ စည်သူကျော် (၂၂ နှစ်)ပါ နှစ်ဦးကလည်း ဝိုင်းဝန်းထိုးကြိတ်ခဲ့သဖြင့် ထွန်းမင်းဇော်တွင် ဒဏ်ရာများရရှိကာ သေဆုံးခဲ့သောကြောင့် အရေးယူပေးရန် တိုင်တန်းချက်အရ ပြောင်ကြီး(ခ)ကျော်သူရပါ သုံးဦးအား ရွှေပြည်သာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# သရက်ချောင်းမြို့နယ်၌ ပေါက်ပြားဖြင့် ခုတ်သဖြင့် အမျိုးသားတစ်ဦး သေဆုံး

**သရက်ချောင်း ဖေဖော်ဝါရီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် လဘာကျေးရွာအုပ်စု ကွဲဇပ်ကျေးရွာတွင် ဖေဖော်ဝါရီ ၁၁ ရက် ည ၈ နာရီခွဲခန့်က ပေါက်ပြားဖြင့် ခုတ်သဖြင့် အမျိုးသား တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကွဲဇပ်ကျေးရွာနေ စောကို (၂၁ နှစ်)သည် အရက်သေစာ သောက်စားမူးယစ်ပြီး ၎င်း၏နေအိမ်ရှေ့လမ်းရှိ သစ်သားတံတားကို ဖျက်ဆီးနေ၍ ရာအိမ်မှူး ဦးထွန်းလေးက မဖျက်ဆီးရန် သွားရောက်ဟန့်တားစဉ် စောကိုက ကိုင်ဆောင်ထားသည့် ပေါက်ပြားဖြင့် ခုတ်လိုက်သဖြင့် ဦးထွန်းလေးတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူ စောကိုအား သရက်ချောင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဖားကန့်မြို့ မော်ဝမ်းရပ်ကွက်၌ မီးလောင်မှုဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ကချင်ပြည်နယ် ဖားကန့်မြို့ မော်ဝမ်းရပ်ကွက် အပိုင်း(၂)တွင် ယနေ့နံနက် ၇ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားသည်။

အဆိုပါ မီးလောင်ရာသို့ ဖားကန့်မြို့နယ် မီးသတ်စခန်းမှ သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ခြောက်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြရာ နံနက် ၈ နာရီခွဲခန့်တွင် မီးငြိမ်းသွားကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ ကနဦး သတင်းထုတ်ပြန်ချက်အရ သိရသည်။

အလားတူ ယနေ့ ညနေ ၄ နာရီခွဲခန့်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၀၇/၃)တွင် လည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၁၄ တွင်လည်းကောင်း တောမီးလောင်မှုများ ဖြစ်ပွားခဲ့သဖြင့် သက်ဆိုင်ရာ နယ်မြေမီးသတ်စခန်းများမှ မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ငြိမ်းသတ်ခဲ့ကြရကြောင်း သိရသည်။

မြန်မာ့အလင်း၊ ဓာတ်ပုံ- MFSD



# ဥတ္တရသီရိမြို့နယ်၌ စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၌ ဖေဖော်ဝါရီ ၁၀ ရက်က စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၀ ရက် ည ၈ နာရီ ၂၅ မိနစ်က ကျောင်းကုန်းကျေးရွာနေ ဟန်မင်းလွင်(ခ)ဖိုးသား(၂၉ နှစ်)နှင့် တစ်ရွာတည်းနေ မြင့်အောင် (၅၀ နှစ်)တို့ နှစ်ဦးသည် အရက်သေစာ အတူသောက်စားပြီး ကျေးရွာအနီးရှိ ချောင်းရိုးအတွင်းသို့ ငါးရှာသွားစဉ် ကျောင်းကုန်းကျေးရွာ၏ ရွာလယ်လမ်း အရှေ့ဘက်၌ စကားများရန်ဖြစ်ရာမှ မြင့်အောင်က အသင့်ပါလာသော အရိုးအသွား ၂၀ လက်မခန့်ရှိ ဓားဦးချွန်ဖြင့်ထိုးသဖြင့် ဟန်မင်းလွင်(ခ)ဖိုးသားတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားသောကြောင့် အရေးယူပေးပါရန် တိုင်တန်းချက်အရ မြင့်အောင်အား ကျည်တောင်ကန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# မွန်ပြည်နယ် မော်လမြိုင်မြို့၌ ဆူပူဆန္ဒပြသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဥပဒေမဲ့ အကြမ်းဖက်တိုက်ခိုက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားစေနိုင်သည်ဟု ယုံကြည်ယူဆသဖြင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ ကိုထုတ်ပြန်၍ လူ ၅ ဦး သို့မဟုတ် ၅ ဦးထက်ပို၍ လူစုဝေးခြင်းမပြုရန် တားမြစ်ချက်များ ထုတ်ပြန်ထားပြီး ဖြစ်သည်။

ထိုသို့ ထုတ်ပြန်ထားရှိသော်လည်း ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးချိုရပ်ကွက် မော်လမြိုင်တက္ကသိုလ်ရှေ့၌ ညိုမင်း(ဘ)ဦးဌေးဝင်းနှင့် ထွန်းငြိမ်းဦး (ဘ) ဦးထွန်းလွင်တို့ ၂ဦး ဦးဆောင်သော ဆူပူဆန္ဒပြသူ ကျောင်းသား/ ဒေသခံများပါဝင်သည့် အင်အား ၂၀၀ ခန့်သည် မော်လမြိုင်တက္ကသိုလ်မှ မြို့တွင်းသို့ တရားဥပဒေမဲ့ ဆူပူဆန္ဒပြချီတက်လျက်ရှိသဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ ကြေညာထားရှိကြောင်းနှင့် လူစုခွဲရန် လက်ကိုင်အသံချဲ့စက်များဖြင့် သတိပေးပြောကြားစဉ် ဆူပူဆန္ဒပြသူများမှ ခဲများ၊ ရေသန့်ဘူးများဖြင့် စတင်ပစ်ပေါက်ပြီး ဥပဒေနှင့်ဆန့်ကျင်သည့် အပြုအမူများ ပြုလုပ်လာခဲ့သည်။

ယင်းသို့ လုပ်ဆောင်လာသဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက လူစုခွဲရန် မေတ္တာရပ်ခံပြောဆိုခဲ့သော်လည်း လူစုခွဲခြင်းမရှိဘဲ ဆူပူဆန္ဒပြသူများက ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ လှုံ့ဆော်ဆန္ဒပြခြင်း၊ ရုန်းရင်းဆန်ခတ်ပြုမူခြင်းတို့ကို လုပ်ဆောင်လာခဲ့သောကြောင့် နံနက် ၁၀ နာရီခွဲခန့်တွင် ဦးဆောင်သူ ညိုမင်း၊ ထွန်းငြိမ်းဦးတို့ အပါအဝင် ဆူပူဆန္ဒပြသူ ၄ ဦးတို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းပြီး ၎င်းတို့ ၄ ဦးအား ခံဝန်ကတိဖြင့် ပြန်လည်စေလွှတ်ရန်အတွက် မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူတို့မှ ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့သည်။ ထိုကဲ့သို့ ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့သော်




လည်း ဆူပူဆန္ဒပြသူများက လူစုခွဲခြင်းမရှိဘဲ လေးခွများ၊ ကျောက်ခဲ၊ အုတ်ခဲများ၊ တုတ်များဖြင့် ပစ်ပေါက်ခြင်း စသည့် အကြမ်းဖက်လှုပ်ရှားမှုများ လုပ်ဆောင်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရော်ဘာကျည်ထိုးထားသော သေနတ်ဖြင့် ၁၀ ချက်ခန့် ခြောက်လှန့် ပစ်ခတ်ခဲ့သော်လည်း လူစုခွဲခြင်းမရှိဘဲ ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်များကို ဆိုးရွားစွာ ဆက်လက်လုပ်ဆောင်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ခေတ္တရှောင်တိမ်းခဲ့ရသည်။

ထိုသို့ ဆူပူဆန္ဒပြသူများအား ထိန်းသိမ်းစဉ် ၎င်းတို့၏အကြမ်းဖက်လုပ်ဆောင်မှုများကြောင့် ရဲတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး မော်တော်ယာဉ်များ၊ ရဲအသုံးအဆောင်ပစ္စည်းများ ဆုံးရှုံးပျက်စီးခဲ့ကြောင်းနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံအတွင်း ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားမှုမရှိစေရေး လုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ နေ့ညမပျက် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

# ဂျပန်နိုင်ငံက ကိုဗစ်– ၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်အတွက် နိုင်ငံတော်အရေးပေါ်အခြေအနေကို ဆက်လက်ထားရှိသွားမည်

တိုကျို ဖေဖော်ဝါရီ ၁၂

**စီးပွားရေးပြန်လည်ထူထောင်ရေးဝန်ကြီး နီရှီမူရာကာ ယာဆူတိုရှီက အစိုးရအနေဖြင့် လတ်တလောတွင် ကိုဗစ်– ၁၉ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ထိန်းချုပ်နိုင်ရန် နိုင်ငံတော်အရေးပေါ်အခြေအနေကို ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်းနှင့် ဆေးဘက်ဆိုင်ရာစနစ်များတွင်လည်း ဝန်ပိမှုများ ရှိနေကြောင်း သိရသည်။**



ဂျပန်နိုင်ငံ ဖူကူအိုကာခရိုင်ရှိ စာအုပ်ဆိုင်တစ်ဆိုင်တွင် ပြည်သူများ တန်းစီနေသည်ကို တွေ့ရစဉ်။

အကြံပေးအဖွဲ့သို့ ဖေဖော်ဝါရီ ၁၂ ရက်က ပြောကြားရာတွင် နီရှီမူရာက ကိုဗစ်– ၁၉ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ရန်အတွက် နိုင်ငံတော်အရေးပေါ်အခြေအနေကို ဆက်လက်ပြဋ္ဌာန်းရန် လိုအပ်ကြောင်း သိရသည်။ ဇန်နဝါရီလအစောပိုင်းကတည်းက အဆိုပါ အရေးပေါ်အခြေအနေကို တိုကျို၊ အိုဆာကာနှင့် တခြား ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့မှုအများဆုံးဖြစ်ပွားနေသည့် ခရိုင်ရှစ်ခုတွင် ပြဋ္ဌာန်းထားသည်။ အစိုးရ၏ ကိုဗစ်– ၁၉ ဆန့်ကျင်ရေးဆိုင်ရာ အခြေခံလမ်းညွှန်မှာကြားချက်များနှင့် ပတ်သက်ပြီး အကြံပေးအဖွဲ့က ဆွေးနွေးခဲ့သည်။

ကိုဗစ်–၁၉ တုံ့ပြန်ရေးဆိုင်ရာ တာဝန်ခံနီရှီမူရာကာက ကိုဗစ်–၁၉ ကူးစက်မှုအရေအတွက် ကျဆင်းလာသော်လည်း ဆေးရုံများနှင့် ဆေးဘက်ဆိုင်ရာစနစ်များအားလုံးသည် ဝန်ပိနေကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ၎င်းက အစုလိုက်ကူးစက်ပျံ့နှံ့မှုများသည် အထူးသဖြင့် သက်ကြီးစောင့်ရှောက်ရေးဂေဟာများတွင် ဖြစ်ပွားလျက်ရှိကြောင်း သတိပေးပြောကြားခဲ့သည်။ အသက်ကြီးပိုင်းများတွင် ကိုဗစ်– ၁၉ ကူးစက်မှုအရေအတွက်သည် မကျဆင်းသေးကြောင်း သိရသည်။

ကိုဗစ်–၁၉ ဆိုင်ရာအခြေအနေများ၊ ဆေးရုံတွင် လူနာများ လက်ခံနိုင်သည့်အခြေအနေနှင့် ပြည်သူများ၏ လှုပ်ရှားဆောင်ရွက်မှုများကိုကြည့်ပြီး သက်ဆိုင်ရာ ဒေသအာဏာပိုင်များက ပေးပို့ထားသော အချက်အလက်များကို နီရှီမူရာက သေသေချာချာ အနီးကပ်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ကတိပေး ပြောကြားထားသည်။

အစိုးရသည် ကိုဗစ်– ၁၉ ကူးစက်ပြန့်ပွားခြင်းကို လျှော့ချဖြတ်တောက်ရေးသည် ထိပ်တန်းဦးစားပေးကိစ္စဖြစ်ကြောင်းနှင့် ဖြစ်နိုင်သမျှစောစွာ ကပ်ရောဂါကို ထိန်းချုပ်နိုင်ရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အစည်းအဝေးပြီးနောက် အကြံပေးအဖွဲ့ခေါင်းဆောင်ဖြစ်သူ အိုမီရှိဂီရုက နိုင်ငံတော်အရေးပေါ်အခြေအနေဖယ်ရှားခြင်းကို ကူးစက်ရောဂါဖြစ်ပွားမှုအခြေအနေကို ကြည့်ရှုသုံးသပ်ရမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ထို့အပြင် ၎င်းက ဆွေးနွေးညှိနှိုင်းမှုများသည် အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားပေါ်ပေါက်မှုကို ဗဟိုပြုဆွေးနွေးခဲ့ကြကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဖိုက်ဇာကာကွယ်ဆေးမှာ ၉၃ ရာခိုင်နှုန်း ထိရောက်မှုရှိသည်ဟု အစ္စရေးလေ့လာမှုများအရ သိရ

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၂**

ဖိုက်ဇာ–ဘိုင်ရွန်တက်ခ် ကိုဗစ်– ၁၉ ကာကွယ်ဆေးမှာ ခန့်မှန်းခြေအားဖြင့် ၉၃ ရာခိုင်နှုန်း ထိရောက်မှုရှိသည်ဟု အစ္စရေးကျန်းမာရေးအရာရှိတစ်ဦးက ပြောသည်။



အစ္စရေးနိုင်ငံသည် ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးပေးရန် ကြိုးပမ်းရာ၌ ရှေ့တန်းမှပြေးနေသည့်နိုင်ငံဖြစ်ပြီး ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလလယ်မှစတင်ကာ ကာကွယ်ဆေးထိုးနှံပေးမှုလုပ်ငန်းများ စတင်ခဲ့ခြင်း ဖြစ်သည်။

အစ္စရေးနိုင်ငံတွင် လူဦးရေ ၃ ဒသမ ၆ သန်း ရာခိုင်နှုန်းအားဖြင့် ၄၀ ရာခိုင်နှုန်းကို ပထမဆုံးအကြိမ် ကာကွယ်ဆေးထိုးပေးခဲ့ပြီး ၂ ဒသမ ၂၂ သန်းမှာမူ ဒုတိယအကျော့ ကာကွယ်ဆေး ထိုးနှံပေးမှု ခံယူရတော့မည် ဖြစ်သည်။

ကာကွယ်ဆေးထိုးနှံပေးရေး လုပ်ငန်းအဖွဲ့အစည်းတစ်ခုဖြစ်သည့် မက်ကာဘိုင်ကျန်းမာရေးဝန်ဆောင်မှုက လူပေါင်း ၅၂၃၀၀၀ ကို ကိုဗစ်– ၁၉ ကာကွယ်ဆေး ဒုတိယအကျော့ ထိုးပေးနိုင်ခဲ့ပြီး သီတင်းပတ်အတွင်း ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၅၄၄ ဦးသာ တွေ့ရှိခဲ့သည်ဟု ပြောသည်။

ကာကွယ်ဆေးထိုးမထားသည့် လူပေါင်း ၆၂၈၀၀၀ အနက် ကိုဗစ်– ၁၉ ကူးစက်ခံရသူ ၁၈၄၃၅ ဦး တွေ့ရှိခဲ့သည်။ ဒုတိယအကျော့ ကာကွယ်ဆေးထိုးပြီးနောက် ၇ ရက်မှ ၈ ရက်အတွင်း ကာကွယ်ဆေး၏ အကျိုးသက်ရောက်မှုမှာ ၉၃ ရာခိုင်နှုန်းရှိသည်ဟု မက်ကာဘိုင်ကျန်းမာရေးဝန်ဆောင်မှုက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## တူရကီနိုင်ငံတွင် ဒုတိယအကြိမ် ကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့

**အစ္စတန်ဘူလ် ဖေဖော်ဝါရီ ၁၂**

တူရကီနိုင်ငံတွင် ဒုတိယအကြိမ်အဖြစ် တရုတ်နိုင်ငံထုတ် ကိုဗစ်–၁၉ ကာကွယ်ဆေး ဆီနိုဗက်ကာကွယ်ဆေးကို ကျန်းမာရေးဝန်ထမ်းများအတွက် ဖေဖော်ဝါရီ ၁၁ ရက်တွင် ထိုးနှံပေးခဲ့ကြောင်း သိရသည်။ နိုင်ငံအဝန်း ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို တူရကီနိုင်ငံတွင် ဇန်နဝါရီ ၁၄ ရက်က စတင်ခဲ့သည်။

အစ္စတန်ဘူလ်ရှိ ဖယ်ရီဟာဟာအုဇ်အရေးပေါ်ဆေးရုံနှင့် ဟီဟန်ဗာရန့်လေ့ကျင့်ရေးနှင့်သုတေသနဆေးရုံမှ သမားတော်အကြီးအကဲ နုရက်တင်ယီရစ်က ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုတွင် ၂၈ ရက်ကြာ ကွာဟမှုပေးရန် ဆုံးဖြတ်ထားကြောင်းနှင့် စမ်းသပ်စစ်ဆေးမှုများအရ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံခြင်းသည် ကိုဗစ်–၁၉ ရောဂါကို ကောင်းမွန်စွာ ကာကွယ်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

ယခုအချိန်သည် မိမိတို့အား ပထမအကြိမ် ကာကွယ်ဆေးသည် မည်ရွေ့မည်မျှအစွမ်းထက်ထိရောက်မှုရှိကြောင်းကို စူးစမ်းလေ့လာနိုင်မည်ဖြစ်ကြောင်း ယီရစ်က ပြောကြားလိုက်သည်။

ဆေးရုံနှစ်ရုံတွင် လူပေါင်း ၄၅၀၀ ခန့်သည် ပထမအကြိမ် ကိုဗစ်–၁၉ ကာကွယ်ဆေးကို ထိုးနှံခံပြီးကြောင်း သိရသည်။ ၎င်းတို့တွင် လတ်တလော၌ ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှုအခြေအနေ မတွေ့ရှိရသေးကြောင်း သမားတော်ကြီးက ပြောကြားလိုက်သည်။

မိမိအနေဖြင့် လူတိုင်းကို ကိုဗစ်– ၁၉ ကာကွယ်ဆေး ထိုးနှံခံရန် အားပေးကြောင်း၊ မိမိတို့အနေဖြင့် ကိုဗစ်– ၁၉ ကပ်ဆိုး ကြီးကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။ အသက် ၇၀ ကျော် တူရကီနိုင်ငံသားများကိုလည်း ပထမအကြိမ်ကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

တူရကီနိုင်ငံသား ၂ ဒသမ ၈ သန်းကို ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။ ကျန်းမာရေးဝန်ကြီး ဖာရက်တင်ကိုကာက တူရကီ ပြည်သူ ၆၀ ရာခိုင်နှုန်းခန့်ကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းထားကြောင်း ဖေဖော်ဝါရီ ၁၀ ရက်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## ပေါ်တူဂီနိုင်ငံတွင် ကိုဗစ်– ၁၉ အတွက် အသွားအလာပိတ်ဆို့ကန့်သတ်မှုကို မတ်လ ၁ ရက်အထိ တိုးမြှင့်ထား

**လစ္စဘွန်း ဖေဖော်ဝါရီ ၁၂**

ပေါ်တူဂီနိုင်ငံတွင် ကိုဗစ်–၁၉ ကြောင့် နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာထားမှုကို မတ်လ ၁ ရက်အထိ တိုးမြှင့်လိုက်သည်ဟု ပေါ်တူဂီ ပါလီမန်တွင် ဖေဖော်ဝါရီ ၁၁ ရက် ကြေညာခဲ့သည်။

ပေါ်တူဂီအစိုးရသည် အသွားအလာပိတ်ဆို့ကန့်သတ်မှုကို ဆက်လက်ထားရှိပြီး ကိုဗစ်– ၁၉ ကြောင့် ထုတ်ပြန်ထားသည့် တားမြစ်ချက်များကို မတ်လ ၁ ရက်အထိ ဆက်လက်ထားရှိသွားမည်ဖြစ်သည်။ တိုင်းပြည်အတွင်း ကိုဗစ်– ၁၉ ကူးစက်ခံရသူများကို ဆေးစစ်ပေးရန်နှင့် ကာကွယ်ဆေးထိုးနှံပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်တို့အတွက် ကျန်းမာရေးဝန်ထမ်းများ ပိုမိုလိုအပ်လျက်ရှိသည်ဟု ပေါ်တူဂီသမ္မတမာဆယ်လို ရာဘယ်လိုဒီ ဆော်ဆာက ပြောသည်။ လက်ရှိအခြေအနေအရ ဥရောပနှင့် ပေါ်တူဂီနိုင်ငံတို့အတွက် ကိုဗစ်– ၁၉ ထောက်ပံ့ရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများတွင် နှောင့်နှေးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

**ဆင်ဟွာ**

# ဇူလိုင်လကုန်တွင် အမေရိကန်၌ ကိုဗစ်- ၁၉ ကာကွယ်ဆေး လုံလောက်စွာ ရရှိရမည်ဟုပြော

ဝါရှင်တန် ဖေဖော်ဝါရီ ၁၂

**အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဇူလိုင်လကုန်ပိုင်းတွင် အမေရိကန်နိုင်ငံသား သန်း ၃၀၀ အတွက် ကိုဗစ်– ၁၉ ကာကွယ်ဆေးလုံလောက်မှုရှိစေရမည်ဟု ပြောကြားခဲ့သည်။ ဖေဖော်ဝါရီ ၁၁ ရက်တွင် အမျိုးသားကျန်းမာရေး အင်စတီကျူသို့ သွားရောက်ရာ၌ ယခုလို ပြောကြားခဲ့သည်။**



အမေရိကန်တွင် ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

အဆိုပါ အင်စတီကျူမှာ အမေရိကန် ကိုဗစ်– ၁၉ တိုက်ဖျက်ရေးအတွက် ရှေ့တန်းမှ ရပ်တည်ပေးနိုင်သည့် အဖွဲ့အစည်းဖြစ်သည်။ အမေရိကန်အစိုးရသည် ဖိုက်ဇာ–ဘိုင်ရွန်တက်ခ်ကုမ္ပဏီမှ ကာကွယ်ဆေးနောက်ထပ်သန်း ၁၀၀ ဝယ်ယူရန်နှင့် မော်ဒါနာကာကွယ်ဆေး နောက်ထပ်သန်း ၁၀၀ ဝယ်ယူရန် သဘောတူလက်မှတ်ရေးထိုးထားသည်ဟု အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

ယခင်က ကာကွယ်ဆေးသန်း ၄၀၀ ဝယ်ယူရန် သဘောတူညီထားရာ ယခုထပ်မံဝယ်ယူခြင်း ဖြစ်သည်။ ဇူလိုင်လကုန်ပိုင်းတွင် အမေရိကန်နိုင်ငံသားအများစုမှာ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသားဖြစ်စေရမည်ဟု သိရသည်။

ယင်းအစီအစဉ်မှာ ကနဦး ချမှတ်ထားသည့် ကာကွယ်ဆေးထိုးနှံပေးရေး အစီအစဉ်ထက်ပင် အချိန်စောစီးစွာ ပြီးစီးမည်ဟု သိရသည်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှ စတင်၍ ကိုဗစ်– ၁၉ ကာကွယ်ဆေး သန်း ၁၀၀ ထိုးပေးနိုင်ရမည်ဟု ရည်မှန်းချက်ထားရာ ၎င်း၏ ရည်မှန်းချက် ပြည့်မီတော့မည်ဟု ပြောသည်။

ထို့ပြင် အမေရိကန်အစိုးရသည် ဗဟိုအစိုးရမှ ဝန်ထမ်းပေါင်း ၁၀၀၀ ကို ကာကွယ်ဆေးထိုးရာတွင် ကူညီပေးရန် တိုင်းပြည်အနှံ့တွင် တာဝန်ချထားကြောင်းနှင့် ပြည်နယ်များနှင့် နယ်မြေများတွင် လိုအပ်သည့် ရန်ပုံငွေများ ထောက်ပံ့ပေးထားသည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဘရာဇီးနိုင်ငံတွင် ကိုဗစ်– ၁၉ နောက်ထပ်ဖြစ်ပွားသူ ၅၄၇၄၂ ဦး ထပ်မံတွေ့ရှိ

**ဆော်ပိုလို ဖေဖော်ဝါရီ ၁၂**

ဘရာဇီးနိုင်ငံတွင် ဖေဖော်ဝါရီ ၁၀ ရက်က ကိုဗစ် – ၁၉ နောက်ထပ်ကူးစက်ခံရသူ ၅၄၇၄၂ ဦး ထပ်မံတွေ့ရှိခဲ့ပြီး သေဆုံးသူ ၁၃၅၁ ဦး ရှိသည်ဟု သိရသည်။

ထို့ကြောင့် ဖေဖော်ဝါရီ ၁၀ ရက်တွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူပေါင်း ၉၇၁၃၉၀၉ ဦးရှိကာ သေဆုံးသူ ၂၃၆၂၀၁ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။



ဘရာဇီးနိုင်ငံ ဆော်ပိုလိုမြို့တွင် ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

တောင်အမေရိကနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ဘရာဇီးနိုင်ငံတွင် နေ့စဉ်ကူးစက်မှုနှုန်း ၁၀၀၀ ထက်တွင် ရှိနေသည်မှာ ၂၂ ရက် ဆက်တိုက်ရှိနေပြီဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်းက ပထမအကျော့ထက် ကူးစက်ခံရသူ ပိုမိုများပြားနေသည်ဟု သိရသည်။

ယခင် ဗိုင်းရပ်စ်ထက် ကူးစက်မှုနှုန်း သုံးဆလျင်မြန်သည့် ဗီဇပြောင်း ကိုဗစ်– ၁၉ ကူးစက်မှုကိုလည်း အမေဇုန်တွင် တွေ့ရှိရသည်ဟု ဘရာဇီး ကျန်းမာရေးဝန်ကြီး အက်ဒ်ဝါဒိုပစ်ဇွဲလိုက ပြောသည်။

ထိုစဉ် ဘရာဇီးနိုင်ငံ၌ ဇန်နဝါရီလအတွင်းကမှ စတင်ကာ ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး နိုင်ငံသား စုစုပေါင်း ၄ ဒသမ ၇ သန်းကျော် ကာကွယ်ဆေး ထိုးပေးခဲ့ပြီးပြီဟု သိရသည်။ ဘရာဇီးနိုင်ငံသည် ကိုဗစ်– ၁၉ သေဆုံးမှုနှုန်းတွင် အမေရိကန်ပြီးလျှင် ဒုတိယမြောက် သေဆုံးမှုနှုန်း အများဆုံးနိုင်ငံဖြစ်ပြီး ကူးစက်မှုနှုန်းတွင် အမေရိကန်နှင့် အိန္ဒိယတို့ပြီးလျှင် တတိယမြောက် ကူးစက်မှုအများဆုံး နိုင်ငံဖြစ်သည်။

**ဆင်ဟွာ**

# အီကွေဒေါနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၂၁၃၇ ဦးထပ်တိုး

**ကွီတို ဖေဖော်ဝါရီ ၁၂**

အီကွေဒေါနိုင်ငံတွင် ကိုဗစ်– ၁၉ ကူးစက်ခံရသူ ၂၁၃၇ ဦး တွေ့ရှိခဲ့ရာ စုစုပေါင်းကူးစက်ခံရသူမှာ ၂၆၂၂၁၃ ဦးရှိလာသည်ဟု ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ နေ့စဉ်မှတ်တမ်းများအရ အီကွေဒေါနိုင်ငံတွင် ကိုဗစ်– ၁၉ ကြောင့် သေဆုံးသူ ၄၈ ဦး ထပ်တိုးလာသည့်အတွက် စုစုပေါင်းသေဆုံးသူဦးရေမှာ ၁၀၄၆၁ ဦးရှိသည်ဟု သိရသည်။

အီကွေဒေါနိုင်ငံတွင် ဇန်နဝါရီလအတွင်းမှ စတင်ကာ ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးနှံပေးမှုစတင်ခဲ့ပြီး ကူးစက်မှု များပြားနေသည့် ယခုကာလတွင်လည်း ဖေဖော်ဝါရီ ၁၁ ရက်မှစတင်ကာ ဖိုက်ဇာ – ဘိုင်ရွန်တက်ခ် ကာကွယ်ဆေးကို ဒုတိယအကျော့ ထိုးနှံပေးမှုစတင်နေပြီဟု သိရသည်။

အီကွေဒေါနိုင်ငံတွင် လူပေါင်း ၆၂၈ ဦးကို ပထမအကျော့ကာကွယ်ဆေးထိုးပေးပြီးဖြစ်သည်။ လူပေါင်း ၁၉၆၂ ဦးကို ဒုတိယအကျော့ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပေးမည်ဖြစ်ပြီး အများစုမှာ ကျန်းမာရေးဝန်ထမ်းများနှင့် သက်ကြီးရွယ်အိုနိုင်ငံသားများ ဖြစ်ကြသည်။

အီကွေဒေါနိုင်ငံသည် နိုင်ငံသားအားလုံးအတွက် ကိုဗစ် – ၁၉ ကာကွယ်ဆေးကို ၂၀၂၁ ခုနှစ် ဒုတိယလေးလပတ်ကာလအတွင်း ထိုးနှံပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာမှ ကာကွယ်ဆေးထောက်ပံ့ရေးအစီအစဉ်အပေါ်တွင်လည်း မူတည်သည်ဟု သိရသည်။

**ဆင်ဟွာ**

# နယူးဇီလန်နိုင်ငံတွင် ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ခန့်မှန်းထားသည်ထက် စောရောက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ပြော

**ဝယ်လင်တန် ဖေဖော်ဝါရီ ၁၂**

နယူးဇီလန်နိုင်ငံ၏ ပထမအကြိမ် ဖိုက်ဇာ ဘိုင်ရွန်တက်ခ် ကိုဗစ်– ၁၉ ကာကွယ်ဆေးသည် ရှေ့တစ်ပတ်တွင် နယူးဇီလန်နိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်က ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြောကြားလိုက်သည်။

မိမိတို့၏ နယ်စပ်ဝန်ထမ်းများအတွက် ကာကွယ်ဆေး အချိန်မီရောက်ရှိရေးနှင့် ကာကွယ်ဆေးများသည် မိမိတို့၏ သတ်မှတ်ထားသည့် အချိန်များအတွင်း ရောက်ရှိလိမ့်မည်ဖြစ်ကြောင်း အာဒန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

အစိုးရကိုယ်စားလှယ်များသည် ဖိုက်ဇာနှင့် လွန်ခဲ့သော သီတင်းပတ်အနည်းငယ်က ဆွေးနွေးမှုများပြုလုပ် ခဲ့ကြသည်။ ကာကွယ်ဆေးကုမ္ပဏီများသည် သတ်မှတ်ထားသည့် အချိန်မတိုင်မီ ကာကွယ်ဆေးများ ပေးပို့ခြင်းကို မိမိတို့အနေဖြင့် တန်ဖိုးထားပါကြောင်း ၎င်းက ပြောကြားလိုက်သည်။

လွန်ခဲ့သောနှစ်က မိမိတို့အနေဖြင့် ကာကွယ်ဆေးများသည် သတ်မှတ်ထားသည့်အချိန်တွင် ရောက်ရှိရန် မျှော်မှန်းခဲ့သော်လည်း ယခုနှစ်တွင် ကာကွယ်ဆေးများသည် သတ်မှတ်ချိန်ထက်စောပြီး ရောက်လာမည်ဖြစ်သည်။

ကာကွယ်ဆေးများကို စောစောစီးစီး လက်ခံရရှိခြင်းသည် ကျေနပ်ပျော်ရွှင်စရာကောင်းကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားလိုက်သည်။

ကာကွယ်ဆေးများ ပထမအကြိမ် ရောက်ရှိလာခြင်းသည် နယူးဇီလန်နိုင်ငံ၏ ကိုဗစ်– ၁၉ ကို ဆန့်ကျင်တိုက်ဖျက်ရာတွင် အရေးကြီးသည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မိမိတို့၏ ပထမဦးစားပေးသည် နယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်နေသူများအတွက်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် သီတင်းပတ်နှစ်ပတ်မှ သုံးပတ်အတွင်း ကာကွယ်ဆေးထိုးပေးနိုင်မည်ဟု ခန့်မှန်းထားကြောင်း ၎င်းက ပြောသည်။

ဒုတိယအကြိမ်တွင် ကာကွယ်ဆေးအမြောက်အမြား ထိုးနှံမပေးနိုင်မီ ကျန်းမာရေးဝန်ထမ်းများ၊ မရှိမဖြစ် အလုပ်သမားများနှင့် ကိုဗစ်– ၁၉ အန္တရာယ်ရှိသူများကို ကာကွယ် ဆေးထိုးနှံပေးနိုင်ရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။



နယူးဇီလန် ဝန်ကြီးချုပ် ဂျက်ဆင်ဒါ အာဒန်

**ဆင်ဟွာ**



## ရောဝတီမြစ်ကူး ဗလမင်းထင်တံတားအမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၁) မှ ကချင်ပြည်နယ်အတွင်း တည်ဆောက်သွားမည့် ရောဝတီမြစ်ကူး ဗလမင်းထင်တံတားအမှတ် (၂) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ထံ ရှင်းလင်းတင်ပြခြင်းကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး မေခ ခန်းမ၌ ကျင်းပသည်။

ရောဝတီမြစ်ကူးတံတား ဗလမင်းထင်အမှတ်(၂) တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့် အဖွဲ့ဝင်များအား ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တံတားအထူးအဖွဲ့(၁) ဒုတိယညွှန်ကြားရေးမှူး ဦးစောဇာနည်လှက လက်ရှိအသုံးပြုလျက်ရှိသည့် တံတားအဟောင်း၏ အောက်ဘက်မီတာ ၄၀ အကွာတွင် တံတားအရှည် ၃၂၁၂ ပေ (၉၇၉ မီတာ)နှင့် အကျယ်ယာဉ်သွားလမ်း ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီရှိ သံကူကွန်ကရစ်ရေလယ်တိုင်နှင့် ကမ်းကပ်ခုံ၊ Steel Truss၊ Steel Box Girder and RCC Slab အမျိုးအစားတံတား တည်ဆောက်မည့်အခြေအနေ၊ ကနဦးအကြိုအင်ဂျင်နီယာလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေနှင့် တံတားသစ်စီမံကိန်းနှင့်မလွတ်သည့် မြေယာကိစ္စအခက်အခဲများကို တံတားပုံစံငယ်နှင့်တကွ ရှင်းလင်းတင်ပြသည်။**(အပေါ်ပုံ)**

တင်ပြမှုများအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တံတားသစ်စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုအပေါ် ပြည်သူများထိခိုက်နစ်နာမှုမရှိစေရေး မြေယာကိစ္စရပ်များကို အတတ်နိုင်ဆုံးနှင့် အမြန်ဆုံးဖြေရှင်း ဆောင်ရွက်ရေး၊ တံတားသစ်စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ချက်အတိုင်း အရည်အသွေးမီတည်ဆောက်ရေး၊ တံတားအဟောင်းကိုလည်း ကြံ့ခိုင်မှုရှိစေရန် ထိန်းသိမ်းဆောင်ရွက်ရေးနှင့် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ တံတားသစ်စီမံကိန်းကို ဘဏ္ဍာနှစ်သုံးနှစ်အတွင်း တည်ဆောက်မည်ဖြစ်ပြီး တံတား၏ခွင့်ပြုအလေးချိန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကာ တံတားသစ်ပြီးစီးပါက တံတားအဟောင်းနှင့် အသွားလမ်း/ အပြန်လမ်း လေးလမ်းသွားအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်းနှင့် လက်ရှိအသုံးပြုနေသော ဗလမင်းထင်တံတားသည် ၂၅ နှစ်ခန့် ရှိနေပြီဖြစ်ကြောင်း တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဘားအံ ဖေဖော်ဝါရီ ၁၂**

ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂)ကို ယမန်နေ့က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

**အတူတကွပူးပေါင်းဆောင်ရွက်**

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်နယ်အတွင်းရှိ ကိစ္စအဝဝကို တာဝန်ယူထမ်းဆောင်နေပြီဖြစ်ကြောင်း၊ မည်သည့်အခက်အခဲကိုမဆို ပြည်သူလူထုနှင့်အတူ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြား၍ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အတူတကွပူးပေါင်းဆောင်ရွက်ပေးကြရန်၊ ဝန်ထမ်းများ အနေဖြင့်လည်း ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ကျေပွန်စွာထမ်းဆောင်ကြရန် အမှာစကားပြောကြားပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်မှူးကြီး မျိုးမင်းနောင်က ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

**ဌာနအလိုက်ဆွေးနွေးတင်ပြ**

ထို့နောက် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကြောင်းနှင့် အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြောင်း သိရသည်။

**မောင်စော(ပြန်/ဆက်)**




ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ
ကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

## ကျောက်ပန်းတောင်းမြို့နယ်ရှိ ကျေးလက်တောင်သူများ အိန္ဒိယဒန့်သလွန်မျိုး စမ်းသပ်စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ ကျေးလက်တောင်သူများ အိန္ဒိယဒန့်သလွန်မျိုး စမ်းသပ်ပျိုးထောင်စိုက်ပျိုးမှုများအောင်မြင်ဖြစ်ထွန်းခြင်းကြောင့် အခြားတောင်သူများပါစိုက်ပျိုးရန် စိတ်ဝင်စားမှုရှိလာကြောင်း ကျောက်ပန်းတောင်းမြို့နယ် ကန်ပတ်လည်အုပ်စု လဲဂွကျေးရွာနေ အိန္ဒိယဒန့်သလွန်မျိုးစမ်းသပ်စိုက်ပျိုးနေသည့် တောင်သူ ဒေါ်ငွေးကြည်ထံက သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်ရှိ ဒန့်သလွန်စမ်းသပ်စိုက်ပျိုးသည့် တောင်သူများသည် အိန္ဒိယဒန့်သလွန်မျိုးကို စီးပွားဖြစ်စိုက်ပျိုးနိုင်ရန် တစ်ဧကစမ်းသပ်စိုက်ပျိုးရာမှ အပင်များသန်မာကာ ခွပွင့်ပင်စတင်ပွင့်နေပြီဖြစ်ကြောင်း သိရသည်။ တောင်သူ ဦးတင်ထွန်းအောင်က ဒန့်သလွန်စိုက်ပျိုးရန် မျိုးသွားရောက်ဝယ်ယူရာတွင် ပခုက္ကူခရိုင် ရေစကြိုမြို့နယ် သံပြာချောင်း ကျေးရွာရှိ တောင်သူဦးမြသင်းဆီမှ မျိုးစေ့သွားရောက်ဝယ်ယူ ရရှိခဲ့ပြီး အိန္ဒိယ ဒန့်သလွန်မျိုးစေ့တစ်စေ့လျှင်ငွေကျပ် ၁၀၀ နှုန်းဖြင့် ဝယ်ယူရရှိခဲ့ပြီး ပျိုးထောင်စိုက်ပျိုးခဲ့ကြောင်း၊ တစ်စေ့တစ်အိတ်နှုန်းဖြင့် မျိုးစေ့ထည့်ပျိုးထောင်ကြောင်း၊ ပျိုးစေ့ထည့်ရာတွင် ပျိုးအိတ်ထဲလက်တစ်ဆစ်ခန့် ထည့်မြုပ်ပျိုးထောင်ရကြောင်း သိရပြီး သုံးရက်ရှိလျှင်စတင်ပြီး အပင်ပေါက်ထွက်လာကြောင်း၊ ပျိုးပင်ပေါက် ၁၈ ရက်သားခန့်ရောက်လျှင် ဒန့်သလွန်စိုက်မည့် ယာခင်းထဲသို့ ရွှေ့ပြောင်းစိုက်ပျိုးနိုင်ကာ ကိုးပေပတ်လည်ဖြင့်စိုက်ပျိုးရကြောင်း ဒန့်သလွန်စိုက်တောင်သူ ဦးမျိုးမင်းကိုက ရှင်းပြသည်။

အိန္ဒိယဒန့်သလွန်မျိုးများသည် ခြောက်လဒန့်သလွန်ဟုဆိုသော်လည်း ပြုစုမှုသေသပ်လျှင် သုံးလနှင့်သီးကြောင်း၊ နှစ်ရှည်ပင်မျိုးဖြစ်ကာ စိုက်ပျိုးပြီး နှစ်လခန့်ကြာလျှင် ခေါင်နှိမ်ဖြတ်ပေးရကြောင်း၊ သို့မှသာ အပင်ထောင်တက်မသွားဘဲ ကိုင်းများဝေကာ အပွင့်ပွင့်နှုန်းနှင့်အသီးသီးနှုန်း ကောင်းမည်ဖြစ်ကြောင်း သိရသည်။ အိန္ဒိယဒန့်သလွန်ပင်မှထွက်ရှိသည့် အသီး၊ အရွက်၊ကိုင်းတို့ကို ကုန်ကြမ်းမှအဆင့်မြင့်ကုန်ချောထုတ်လုပ်ကာ ပြည်ပနိုင်ငံများဖြစ်သည့် ဂျပန်၊ စင်ကာပူ၊ အိန္ဒိယနိုင်ငံများမှဝယ်လိုအားများလာသော်လည်း ပြည်တွင်းစိုက်ပျိုးထွက်ကုန် နည်းနေသေးကြောင်း၊ ပြည်တွင်းမှ အိန္ဒိယဒန့်သလွန်ထွက်



ရှိမှုများကို မြို့ကြီးများသို့ ဒန့်သလွန်သီးအရေအတွက်နှင့် ရောင်းချရကြောင်း ရေစကြိုမြို့နယ် ဒန့်သလွန်စိုက်တောင်သူများက ရှင်းပြသည်။

ရေစကြိုမြို့နယ် သံပြာချောင်းကျေးရွာတွင် အိန္ဒိယဒန့်သလွန်မျိုးများ အပင်ကြီးတစ်ပင်လျှင်ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ရောင်းပေးနေပြီး အပင်ပေါက်တစ်ပင်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချပေးနေကြောင်း သိရသည်။

ဒန့်သလွန်စိုက်ပျိုးရာတွင် ရေပေးရန် ရေမြောင်းလုပ်ထားရကြောင်း၊ ရေကြိုက်သော်လည်း ရေဝပ်လျှင်အပင်ဖြစ်ထွန်းမှုအားနည်းကြောင်း၊ တစ်နှစ်လျှင် နှစ်ကြိမ်မှသုံးကြိမ်အထိသီးကာ တစ်သုတ်သီးပြီးလျှင် ဒန့်သလွန်ရွက်၊ ဒန့်သလွန်ကိုင်းများခုတ်ယူ၍ သဘာဝလေဖြင့် အခြောက်လှန်းကာ စျေးကွက်သို့ ရောင်းချရကြောင်းသိရပြီး စီးပွားဖြစ်စိုက်ပျိုးလာသူ တဖြည်းဖြည်းများလာကြောင်း၊ အိန္ဒိယဒန့်သလွန်စိုက်ပျိုးမှုများ ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၊ ပခုက္ကူ (မြစ်ခြေ)၊ ဝမ်းတွင်းမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့တွင် စိုက်ပျိုးမှုများလာကြောင်းသိရကာ ကျောက်ပန်းတောင်းမြို့နယ် အိန္ဒိယဒန့်သလွန်စိုက်တောင်သူများ စိုက်ပျိုးမှုအဆင်ပြေကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

## လှိုင်ကော်မြို့နယ် ပဒါးညေးကျေးရွာ လယ်ယာကုန်ထုတ်လမ်း ၉၀ ရာခိုင်နှုန်းပြီးစီး

**လှိုင်ကော် ဖေဖော်ဝါရီ ၁၂**

လှိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀ - ၂၀၂၁ ခု ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော နွားလဝိုးကျေးရွာအုပ်စု ပဒါးညေးကျေးရွာ လယ်ယာကုန်ထုတ်လမ်းကို တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် အဆိုပါကုန်ထုတ်လမ်းမှာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိခင်၏ပြောပြချက်အရ သိရသည်။

အဆိုပါ ပဒါးညေးကျေးရွာ လယ်ယာကုန်ထုတ်လမ်းသည် မြေသားလမ်း အရှည် ၂ မိုင် ၄ ဖာလုံ၊ လမ်းအကျယ် ၁၈ ပေ၊ သဲကျောက်လမ်း အရှည် ၂ မိုင် ၄ ဖာလုံ၊ လမ်းအကျယ် ၁၂ပေ၊ ရေထုတ်ပြွန်တစ်စင်းတို့ဖြစ်ပြီး ငွေကျပ်သန်း ၉၉ ဒသမ ၆၉၀ ဖြင့် အကုန်အကျခံဆောင်ရွက်လျက်ရှိသည်။

ယင်းလယ်ယာကုန်ထုတ်လမ်း ပြီးစီးသွားပါက ကျေးရွာနေပြည်သူများ၏ စိုက်ပျိုးဧက ၄၀၀၀ ကျော်ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း (လှိုင်ကော်)**

## အသိပေးကြေညာခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်တွင်းပြည်ပသို့ ခရီးသွားလာမည့် ပြည်သူများအနေဖြင့် COVID-19 ရောဂါ ရှိ/မရှိ စစ်ဆေးခြင်းကို လွယ်ကူစွာ စစ်ဆေးဆောင်ရွက်နိုင်ရန် မင်္ဂလာဒုံမြို့နယ် ပြည်လမ်းမကြီးပေါ်ရှိ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် Yangon Airport Molecular Lab တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စံလုပ်ထုံးလုပ်နည်းများ (SOP)နှင့်အညီ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ**




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ "နေအိမ်တွင်သာ နေထိုင်ရေး အစီအစဉ် (Stay at home)" တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ **"COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေး အသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက် (Mask and Face Shield Campaign)"** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ(Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေး စည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ၁၂-၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၀၀၃၇၇၂ | ၁၇၉၃၂၁၁၂ | ၄၈၆၉၂၉ |
| ၂။ | အိန္ဒိယ | ၁၀၈၈၀၆၀၃ | ၁၀၅၈၉၂၃၀ | ၁၅၅၄၈၄ |
| ၃။ | ဘရာဇီး | ၉၇၁၆၂၉၈ | ၈၆၄၃၆၉၃ | ၂၃၆၃၉၇ |
| ၄။ | ရုရှား | ၄၀၄၂၈၃၇ | ၃၅၅၉၁၄၂ | ၇၉၁၉၄ |
| ၅။ | ဗြိတိန် | ၃၉၉၈၆၅၅ | ၂၀၅၆၂၆၁ | ၁၁၅၅၂၉ |
| ၆။ | ပြင်သစ် | ၃၄၀၆၆၈၅ | ၂၃၈၇၅ | ၈၀၈၀၃ |
| ၇။ | စပိန် | ၃၀၄၁၄၅၄ | စိစစ်ဆဲ | ၆၄၂၁၇ |
| ၈။ | အီတလီ | ၂၆၈၃၄၀၃ | ၂၁၈၅၆၅၅ | ၉၂၇၂၉ |
| ၉။ | တူရကီ | ၂၅၆၄၄၂၇ | ၂၄၅၃၀၉၆ | ၂၇၁၈၇ |
| ၁၀။ | ဂျာမနီ | ၂၃၂၁၂၁၅ | ၂၁၀၁၀၀၀ | ၆၄၅၁၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၂ - ၂ - ၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၂၀၁၈၅၉ | ၁၀၀၄၁၁၇ | ၃၂၆၅၆ |
| ဖိလစ်ပိုင် | ၅၄၅၃၀၀ | ၅၀၀၆၅၄ | ၁၁၄၉၅ |
| မလေးရှား | ၂၅၈၃၀၆ | ၂၀၅၇၇၄ | ၉၅၃ |
| မြန်မာ | ၁၄၁၅၄၃ | ၁၂၉၂၈၇ | ၃၁၈၈ |
| စင်ကာပူ | ၅၉၇၇၇ | ၅၉၅၅၈ | ၂၉ |
| ထိုင်း | ၂၄၂၇၉ | ၂၀၂၁၀ | ၈၀ |
| ဗီယက်နမ် | ၂၁၄၂ | ၁၅၂၉ | ၃၅ |
| ကမ္ဘောဒီးယား | ၄၇၉ | ၄၆၃ | ၀ |
| ဘရူနိုင်း | ၁၈၄ | ၁၇၅ | ၃ |
| လာအို | ၄၅ | ၄၁ | ၀ |







ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။

# ဇောတိကထောင်သာသနာ့နယ်မြေရှိ ရွှေသာလျောင်းရုပ်ပွားတော်ကြီး ရောင်တော်ဖွင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိ

**မုံရွာ ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခတက္ကန်(တောင်)ကျေးရွာအနီး ဇောတိကထောင် သာသနာ့ နယ်မြေ ရှိ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး အား ရောင်တော်ဖွင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ ၅၀ ရာခိုင်နှုန်း ပြီးစီး နေပြီဖြစ်ကြောင်း ဇောတိကထောင်ကျောင်းတိုက်တော်မှ ဆရာတော် ဦးကုဏ္ဍလထံမှ သိရသည်။

ရွှေသာလျောင်း ရုပ်ပွားတော်ပွားတော်မြတ်ကြီးသည် အလျား ၂၂၂ တောင်ရှိပြီး ဇောတိကထောင်ဆရာတော်ကြီး ဦးစီးကာ မြန်မာသက္ကရာဇ် ၁၃၅၃ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဦးစီးပဓာန ဆရာတော်ကြီးများ၊ မြန်မာပြည်အရပ်ရပ်မှ အလှူရှင်များနှင့် ဘုရားဖူးဧည့်သည် များ၏ စုပေါင်းထည့်ဝင်သည့် အလှူတော်ငွေများဖြင့် ရောင်တော်ဖွင့်လုပ်ငန်း များကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

"ရောင်တော်ဖွင့်လုပ်ငန်းကို လုပ်ဆောင်နေတာ အခု တစ်လပြည့်တော့ မယ်။ လုပ်ငန်းပြီးစီးမှုအနေနဲ့ လုပ်ငန်းအားလုံးရဲ့ ရာခိုင်နှုန်းထက်ဝက်လောက် ပြီးနေပြီ။ ရှေ့လအလယ်လောက်ဆိုရင်တော့ ပြီးစီးမှာဖြစ်ပါတယ်။ ကုန်ကျမှု အနေနဲ့ကတော့ ငွေကျပ်သိန်း ၄၀၀ လောက်ကုန်မယ်လို့ ခန့်မှန်းထားတယ်။ လျောင်းတော်မူရုပ်ပွားတော်ကြီးရဲ့ အတွင်းပိုင်းကိုလည်း ရောင်တော်ဖွင့် လုပ်ငန်းတွေလည်း တစ်ဆက်တည်း လုပ်ဆောင်သွားမှာဖြစ်တဲ့အတွက် ပါဝင် လိုတဲ့ ကုသိုလ်ရှင်တွေလည်း ပါဝင်နိုင်ပါတယ်" ဟု ရွှေသာလျောင်း ရုပ်ပွား တော်မြတ်ကြီး ရောင်တော်ဖွင့်လုပ်ငန်းများကို ဦးစီးလုပ်ကိုင်လျက်ရှိသော ဆရာတော် ဦးကုဏ္ဍလက မိန့်ကြားသည်။

ဇောတိကထောင်သာသနာ့နယ်မြေရှိ ရွှေသာလျောင်းရုပ်ပွားတော်မြတ် ကြီး ရောင်တော်ဖွင့်လုပ်ငန်းများကို ဇန်နဝါရီ ၁၉ ရက်မှ စတင်လုပ်ဆောင် လျက်ရှိရာ လုပ်ငန်းများ ထက်ဝက်ခန့်ပြီးစီးနေပြီဖြစ်ကြောင်းနှင့် လုပ်ငန်း များကို မတ်လအကုန်တွင် အပြီးလုပ်ဆောင်သွားမည်ဖြစ်ရာ ရောင်တော်ဖွင့် လုပ်ငန်းများတွင် ပါဝင်ကုသိုလ်ယူလိုသူများအနေဖြင့် ဆရာတော် ဦးကုဏ္ဍလ ၏ ဖုန်း-၀၉ -၂၅၉ ၂၄၄ ၄၅၂ သို့ ဆက်သွယ်ပြီးလည်းကောင်း၊ ရွှေဆေးသက်န်း ၁၀ ပေပတ်လည် တစ်ကျင်းလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ဇောတိကထောင် ကျောင်းတိုက်သို့လည်းကောင်း သွားရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ဒလမြို့တွင်းရှိ လမ်းမကြီးကို လေးလမ်းသွားအဖြစ် တိုးချဲ့ခြင်းနှင့် ကွန်ကရစ်ရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အတွင်းရှိ ဒလ-တွံတေးကားလမ်းမ ကြီးကို လေးလမ်းသွား လမ်းမကြီး အဖြစ် ကွန်ကရစ်လမ်း တိုးချဲ့ခင်းခြင်း လုပ်ငန်းနှင့် ဝဲယာတစ်လျှောက် ရေစီး ရေလာကောင်းမွန်စေရေး ကွန်ကရစ် အုတ်ရေမြောင်း တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာ နှစ်မှ စတင်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လမ်း တံတားဆိုင်ရာလုပ်ငန်း တာဝန်ခံအဖွဲ့ မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးလျက် ရှိကြောင်း သိရသည်။

"နာရီစင်ကနေ ဒလ-တွံတေး ကားလမ်းက လမ်းနယ် ပေ ၁၅၀ အကျယ်၊ နာရီစင် ကနေ သင်္ဘောဆိပ် အထိ လမ်းနယ် ပေ ၁၀၀ အကျယ်ရှိပါ တယ်။ ဒလ-ခနောင်တို ကားလမ်းက လမ်းနယ် ပေ ၁၅၀ အကျယ်ရှိပါတယ်၊ ဒလတံတားကြီးဆင်းလာရင် နာရီစင် က လမ်းဆုံဖြစ်တဲ့အတွက် လမ်း ဧရိယာ အကျယ်အဝန်းရှိဖို့ လိုအပ်ပါ တယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ နာရီစင်မှ မော်စက်ရပ်ကွက် ဗန္ဓုလ လမ်းထိပ်အထိ အလျား ပေ ၁၅၀၀၊ နာရီစင်မှ စက်မြေရပ်ကွက် ဆရာစံ လမ်းထိပ်အထိ အလျား ပေ ၁၀၀၀ ကို ပထမကြိမ်အနေနဲ့ ဆောင်ရွက်ခဲ့ တယ်။ မူလရှိပြီးသား ယာဉ်သွားလမ်း ပေ ၃၀ အကျယ်ရဲ့ ဝဲ၊ ယာ တစ်ဖက်စီကို ၁၂ ပေစီ တိုးချဲ့ပြီး စုစုပေါင်း ယာဉ်သွားလမ်း လေးလမ်း သွားအဖြစ် ၅၄ ပေ အကျယ် ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက် ပြီးစီးပြီ ဖြစ်ပါတယ်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေနဲ့ ဒလ-တွံတေး ကားလမ်းမကြီး အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ် " ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီ လမ်းတံတားအင်ဂျင်နီယာဌာန ဦးစီး အရာရှိ ဦးမောင်မောင်လွင်က ပြောသည်။



လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်ပြီးစီးသွားသည့် ဒလ-တွံတေး ကားလမ်းကို တွေ့ရစဉ်။

ဒလမြို့နယ်အတွင်းရှိ ဒလ တွံတေးကားလမ်းမကြီး တစ်လျှောက် ယာဉ်သွားလမ်း လေးလမ်းသွား အကျယ် ပေ ၅၄ ပေ၊ အရှည် ပေ ၇၅၀၀ ကို ကွန်ကရစ်လမ်း အပြည့် ခင်းခြင်းလုပ်ငန်းများ ပြီးစီးလျက်ရှိပြီး မြို့တွင်း လမ်းမကြီးတစ်လျှောက် ပထမဆင့်အနေဖြင့် ကွန်ကရစ် အုတ်ရေမြောင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအနေဖြင့် အရှည် ပေ ၂၅၀၀ စီဖြင့် စုစုပေါင်း ပေ ၅၀၀၀ ဆောင်ရွက် ပြီးစီးကြောင်း၊ ကိုရီးယား-မြန်မာ ချစ်ကြည်ရေး(ဒလ) မြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီး မည့်အချိန်နှင့် ဒလမြို့နယ်အတွင်းရှိ လမ်းပိုင်းများကို တစ်ဆင့်ပြီးတစ်ဆင့် အဆင့်မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**



# မရမ်းကုန်းမြို့နယ်၌ ကလေးများအား ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ကလေးငယ်များ သန်မာထွားကျိုင်းစေရန်နှင့် ကူးစက်ရောဂါများ ကင်းဝေးစေရန် ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်းကို မရမ်းကုန်းမြို့နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၌ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးက ကိုယ်ခံအားနည်းနေတဲ့ အမျိုးသမီးတွေ၊ ဥပမာ-ခုခံအားကျ(HIV)ပိုး ရောဂါရှိနေတဲ့ အမျိုးသမီးတွေမှာ ငါးနှစ်ကနေ ၁၀ နှစ်အတွင်း ကင်ဆာရောဂါ ဖြစ်လာနိုင်ပါတယ်။ သားအိမ်ခေါင်း ကင်ဆာဖြစ်နိုင်တဲ့အတွက် ကင်ဆာမဖြစ်အောင် ဘေးကင်းလုံခြုံစိတ်ချရတဲ့ အိတ်ချ်ပီဗွီကာကွယ်ဆေးကို သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးအဖြစ် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလကစပြီး အသက်(၉)နှစ်မှ(၁၀)နှစ်ထိ အမျိုးသမီး တိုင်း တစ်ကြိမ်နဲ့ တစ်ကြိမ် (၁၂)လခြားကာ နှစ်ကြိမ်ထိုးပေးနေပါတယ်"ဟု ဒေါက်တာအေးအေးမျိုး က ပြောသည်။

ရင်သွေးငယ်များ ကျန်းမာစေရေး မွေးကင်းစမှ ၁၀ နှစ်အထိ ပြင်းထန် တီဘီရောဂါ၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ပိုးရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ပြင်းထန် အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော ရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဂျိုက်သိုးရောဂါနှင့် သားအိမ်ခေါင်းကင်ဆာ ရောဂါတို့ကို ကာကွယ်ရန် အပတ်စဉ် ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနေ့ များ၌ ပုံမှန်ဆေးထိုး၊ ဆေးတိုက်ဆောင်ရွက်ပေးနေကြောင်း မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအေးအေးမျိုးထံမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်အချို့၌ တပ်မတော် ထောက်ခံပွဲပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက် လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံပွဲကို ယနေ့ တွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့တွင် အင်အား ၈၀၀ ၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် အင်အား ၁၀၀၀၀ ခန့်ဖြင့် လည်းကောင်း၊ မလှိုင်မြို့တွင် အင်အား ၃၀၀၀ ဖြင့် လည်းကောင်း၊ ပျော်ဘွယ်မြို့တွင် အင်အား ၂၀၀၀ ခန့်ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့တွင် အင်အား ၃၀၀၀ ခန့်ဖြင့် လည်းကောင်း၊ ကျောက်ကြီးမြို့တွင် အင်အား ၂၀၀ ခန့်ဖြင့်လည်းကောင်း၊ သာယာဝတီမြို့တွင် အင်အား ၃၀၀၀ ခန့်ဖြင့်လည်းကောင်း၊ မိုးညိုမြို့တွင် အင်အား ၅၀၀ ခန့်ဖြင့်လည်းကောင်း၊ ဖြူးမြို့ တွင် အင်အား ၃၀၀၀ ခန့်ဖြင့်လည်းကောင်း၊ မုန်းမြို့တွင် အင်အား ၄၀၀ ခန့်ဖြင့် လည်းကောင်း အသီးသီးဆန္ဒ ထုတ်ဖော်ခဲ့ကြသည်။

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့ တပ်မတော်အား ထောက်ခံပါသည်၊ ဥပဒေနှင့်အညီ ဖွဲ့စည်း ထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ သစ်အား ကြိုဆိုထောက်ခံပါသည်၊ ဥပဒေနှင့်အညီ ဖွဲ့စည်း ထားသည့် UEC အသစ်အား ကြိုဆိုပါသည်၊ ပြည်ပအားကိုး ပုဆိန်ရိုး အမျိုးသားရေး သစ္စာဖောက်များအား အလိုမရှိ၊ မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ၊ မြန်မာပြည်ကြီးအေးချမ်း ပါစေ၊ ဥပဒေနှင့်မညီသော ရွေးကောက်ပွဲရလဒ် အလိုမရှိ၊ အမျိုးဘာသာ သာသနာကို စောင့်ရှောက်ပေးသော မြန်မာ့ တပ်မတော်အား ထောက်ခံပါသည်၊ တပ်မတော်နှင့် ပြည်သူ သွေးခွဲသူ ဒို့ရန်သူ၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ပေးမည့် တပ်မတော်အား ထောက်ခံပါသည် စာသားပါ ဆိုင်းဘုတ် များအား ကိုင်ဆောင်ကြွေးကြော်ခဲ့ကြသည်။



ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ မြန်မာ့တပ်မတော်အား ထောက်ခံဆန္ဒထုတ်ဖော်ကြစဉ်။

အများပြည်သူများအနေဖြင့် တပ်မတော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ မဲမသမာမှုဖြစ်စဉ်များ အပေါ် ရွေးကောက်ပွဲကော်မရှင် တစ်ရပ်အား ဖွဲ့စည်းကာ စိစစ်နိုင်ရေး ဆောင်ရွက်နေမှုများကို အများပြည်သူများမှ ထောက်ခံသည့် ဆန္ဒဖော်ထုတ်မှုများ ဆက်လက်လုပ်ဆောင် သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ပထမအကျော့ရှုံးကြွေးကို လက်စတာ ပြန်ဆပ်သွားနိုင်မလား

■ မိုးဇက်



ယခုတစ်ပတ် ပရီမီယာလိဂ်ပွဲစဉ်တွင် နည်းပြ ရော်ဂျာ၏ လက်စတာအသင်းနှင့် နည်းပြ ကလော့ပ်၏ လီဗာပူးအသင်းတို့ ထိပ်တိုက်ဆုံတွေ့နေပါတယ်။ လက်ရှိအမှတ်ပေးဇယားမှာ နှစ်သင်းကြား ရမှတ် သုံးမှတ်သာ ကွာဟပြီး အဆင့် (၃) နှင့် (၄) နေရာမှာ ရပ်တည်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒါကြောင့် ယခုပွဲစဉ်မှာ ဘယ်အသင်းက ရလဒ်ကောင်း ပိုင်ဆိုင်သွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

## လက်စတာ vs လီဗာပူး

| ပထမအကျော့ရလဒ် | လီဗာပူး | ၃-၀ | လက်စတာ |
|---|---|---|---|

ပထမအကျော့ပွဲစဉ်မှာ လက်စတာအသင်းဂိုးပြတ်ရှုံးနိမ့်ခဲ့ပေမယ့် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ သုံးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားတာကြောင့် ခြေစွမ်းအကောင်းဘက် ဦးတည်နေပါတယ်။ လီဗာပူးအသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ ဘရိုက်တန်၊ မန်စီးတီးအသင်းတို့ကို နှစ်ပွဲဆက် ရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းအဆိုးဘက် ဦးတည်နေပါတယ်။ လက်စတာအသင်းမှ တိုက်စစ်ကစားသမား ဗာဒီသည် ယခုနှစ်ရာသီ အသင်းအတွက် ခြေစွမ်းပြကစားထားနိုင်ပြီး ပရီမီယာလိဂ် ၁၉ ပွဲမှာ ၁၁ ဂိုးအထိ သွင်းယူထားနိုင်တာကြောင့် အားထားရတဲ့ တိုက်စစ်မှူးအဖြစ်ရှိနေပါတယ်။ လီဗာပူးတိုက်စစ်ကစားသမား ဆာလာကလည်း အသင်းအတွက် အားထားရတဲ့ တိုက်စစ်ကစားသမားတစ်ဦးဖြစ်ပြီး ပရီမီယာလိဂ် ၂၂ ပွဲမှာ ၁၆ ဂိုးအထိ သွင်းယူပေးထားပါတယ်။ ဒါကြောင့် အဆိုပါ ကစားသမားနှစ်ဦးရဲ့ ခြေစွမ်းကို စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

## ခရစ္စတယ်ပဲလေ့စ် vs ဘန်လေ

| ပထမအကျော့ရလဒ် | ဘန်လေ | ၁-၀ | ခရစ္စတယ်ပဲလေ့စ် |
|---|---|---|---|

ပဲလေ့စ်အသင်းက နောက်ဆုံးငါးပွဲမှာ သုံးပွဲအထိ ရှုံးနိမ့်ထားသော်လည်း ၂၃ ပွဲကစားပြီး ၂၉ မှတ်နဲ့ အဆင့် (၁၃) နေရာမှာ ရပ်တည်ထားနိုင်တဲ့အသင်းဖြစ်တယ်။ ဘန်လေအသင်းက နောက်ဆုံးလေးပွဲမှာ သုံးပွဲအထိရှုံးနိမ့်ထားပြီး သရေတစ်ပွဲကျထားတာကြောင့် ခြေစွမ်းအကျဘက် ရောက်နေတယ်။ အမှတ်ပေးဇယားမှာလည်း ၂၂ ပွဲကစားပြီး ၂၃ မှတ်နဲ့ တန်းဆင်းဇုန်အထက်နားမှာ ရပ်တည်နေတယ်။ ပဲလေ့စ်အသင်းက ယခုနှစ်ရာသီပရီမီယာလိဂ်မှာ အဝေးကွင်းထက် အိမ်ကွင်းရမှတ်စုဆောင်းနိုင်မှုက ပိုများနေပါတယ်။ ဘန်လေအသင်းက အဝေးကွင်း အားနည်းတတ်တဲ့အသင်းဖြစ်ပြီး ပရီမီယာလိဂ်မှာ ယှဉ်ပြိုင်ကစားထားတဲ့ အဝေးကွင်း ၁၁ ပွဲမှာ နိုင်ပွဲနှစ်ပွဲသာ ရယူထားနိုင်ပါသေးတယ်။ သို့သော်လည်း တန်းဆင်းဇုန်ဖိအားရှိနေတာကြောင့် ယခုပွဲစဉ်မှာ ပဲလေ့စ်အသင်းကို အနိုင်ယူသွားနိုင်မလား စောင့်ကြည့်ရမယ်။

## မန်စီးတီး vs စပါး

| ပထမအကျော့ရလဒ် | စပါး | ၂-၀ | မန်စီးတီး |
|---|---|---|---|

ပထမအကျော့မှာ စပါးအသင်းက ဆွန်ဟောင်မင်၊ ဆဲလ်ဆိုတို့ရဲ့ သွင်းဂိုးနှစ်ဂိုးနဲ့ မန်စီးတီးအသင်းကို အနိုင်ရရှိထားတယ်။ နောက်ဆုံးငါးပွဲမှာ ငါးပွဲစလုံးအနိုင်ရရှိထားတာကြောင့် မန်စီးတီးအသင်းရဲ့ လက်ရှိခြေစွမ်းက ကျစ်လျစ်မှုရှိသလို တည်ငြိမ်မှုလည်းရှိတယ်။ ဒ့ါအပြင် နည်းပြဂွါဒီယိုလာအနေနဲ့ ဒုတိယနေရာမှ မန်ယူအသင်းကို အမှတ်ဆက်လက်ဖြတ်ထားနိုင်ဖို့ ယခုပွဲကိုအားစိုက်ကစားလာမှာ သေချာပါတယ်။ မော်ရင်ဟိုရဲ့ စပါးအသင်းက လက်ရှိမှာ ခြေစွမ်းကျဆင်းနေပြီး နောက်ဆုံးငါးပွဲမှာ လေးပွဲအထိ ရှုံးနိမ့်ထားတယ်။ အမှတ်ပေးဇယား ဒုတိယနေရာမှ ဖိအားပေးနေတဲ့ မြို့ခံပြိုင်ဘက် မန်ယူအသင်းကို ငါးမှတ်အထိ ဖြတ်ထားနိုင်တာကြောင့် ယခုပွဲကို ဖိအားကင်းကင်းနဲ့ မန်စီးတီးအသင်း ရင်ဆိုင်လာဖွယ်ရှိတယ်။ စပါးအသင်းက ခြေစွမ်းကျဆင်းနေသော်လည်း ပထမအကျော့တုန်းကလို မန်စီးတီးအသင်းကို အနိုင်ရရှိသွားမလား စိတ်ဝင်စားဖွယ်ရာပင်။

## ဘရိုက်တန် vs အက်စ်တွန်ဗီလာ

| ပထမအကျော့ရလဒ် | အက်စ်တွန်ဗီလာ | ၁-၂ | ဘရိုက်တန် |
|---|---|---|---|

အစပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပြပြီး ပုံစံကောင်းရရှိနေတဲ့ အက်စ်တွန်ဗီလာအသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းကျဆင်းလာတာကို သတိပြုရမယ်။ သို့သော်လည်း ပွဲစဉ် ၂၃ မှာတော့ ဗီလာအသင်းဟာ အသင်းကြီး အာဆင်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိအောင် ကစားထားနိုင်တာကို တွေ့ရတယ်။ ဘရိုက်တန်အသင်းက စပါးအသင်း၊ လီဗာပူး စသည့် အသင်းကြီးများကို အနိုင်ရရှိအောင် စွမ်းဆောင်ထားပေမယ့်လည်း ဘန်လေအသင်းကို တစ်ဖက်တစ်ဂိုးစီ သရေကျထားပြီး လက်စတာအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ထားတာကို တွေ့ရတယ်။ ပြီးခဲ့တဲ့လက်စတာအသင်းနဲ့ပွဲစဉ်မှာ ရှုံးနိမ့်ထားခဲ့ပေမယ့် ကစားပုံကောင်းခဲ့တယ်။ ဘရိုက်တန်အသင်းဟာ ယခုနှစ်ရာသီမှာ အိမ်ကွင်းစွမ်းဆောင်ရည်ကျဆင်းနေတတ်ပြီး ဗီလာအသင်းက အဝေးကွင်းစွမ်းဆောင်ရည် ကောင်းမွန်နေတာကြောင့် တိုက်စစ်အားပြုကစားရင် ဘရိုက်တန်အသင်း နိုင်ပွဲရရှိသွားနိုင်တယ်။

## ပရီမီယာလိဂ် ဂိုးအများဆုံးသွင်းထားသူများ



| | | |
|---|---|---|
| ဆာလာ | - | ၁၆ ဂိုး |
| ကားဗက်လီဝင် | - | ၁၃ ဂိုး |
| ဆွန်ဟောင်မင် | - | ၁၃ ဂိုး |
| ဟယ်ရီကိန်း | - | ၁၃ ဂိုး |
| ဖာနန်ဒက်ဇ် | - | ၁၃ ဂိုး |
| ဘမ်းဖို့ဒ် | - | ၁၂ ဂိုး |

## ပရီမီယာလိဂ် ပွဲစဉ် (၂၄)

၁၃-၂-၂၀၂၁ (စနေနေ့)

| | | | |
|---|---|---|---|
| လက်စတာ - လီဗာပူး | ည | ၇:၀၀ |
| ပဲလေ့စ် - ဘန်လေ | ည | ၉:၃၀ |
| မန်စီးတီး - စပါး | နံနက် | ၀၀:၀၀ |
| ဘရိုက်တန် - ဗီလာ | နံနက် | ၂:၃၀ |

## နောက်ဆုံးရ သတင်းတိုများ

▲ ဂျာမန်ကလပ် ဒေါ့မွန်အသင်းသည် ယခုနှစ်နွေရာသီတွင် အင်္ဂလန် တောင်ပံကစားသမား ဆန်ချို (၂၀နှစ်) အပါအဝင် ပထမအသင်းမှ ကစားသမား ခုနစ်ဦးအထိ ရောင်းထုတ်သွားရန် ချိန်ရွယ်နေကြောင်း သိရသည်။

▲ ပရီမီယာလိဂ်ကလပ် မန်စီးတီး အသင်းသည် နွေရာသီတွင် တိုက်စစ်ကစားသမား သစ်တစ်ဦး ခေါ်ယူသွားဖွယ်ရှိကြောင်း သိရသည်။ ဒေါ့မွန်အသင်းမှ နော်ဝေ တိုက်စစ်ကစားသမား ဟာလန်း (၂၀နှစ်) ကို ပထမဦးစားပေးခေါ်ယူသွားရန် ရည်ရွယ်နေကြောင်း သိရသည်။

▲ လီဗာပူးအသင်းသည် လိဒ်စ်အသင်းမှ အသက် ၂၄ နှစ်အရွယ် ဘရာဇီးတောင်ပံကစားသမား ရာဖင်ဟာကို နွေရာသီတွင် ခေါ်ယူသွားရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

▲ ဝက်စ်ဘရွန်းအသင်းသည် အသက် ၂၈ နှစ်အရွယ် နိုင်ဂျီးရီးယား တိုက်စစ်ကစားသမား မူဆာကို အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းသွားမည် မဟုတ်ကြောင်း သိရသည်။

▲ စပါးနှင့် ဂျူဗင်တပ်စ်အသင်းတို့သည် ဆမ်ဒိုးရီးယားအသင်းမှ ဒိန်းမတ်ကွင်းလယ်ကစားသမား ဒိန်းစ်ဂတ် (၂၀နှစ်) ကို ခေါ်ယူရန် ချိတ်ဆက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

▲ ယမန်နေ့က အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်များကို မဲခွဲဆုံးဖြတ်လိုက်ပြီဖြစ်ရာ အဲဗာတန်နှင့် မန်စီးတီး၊ ဘုန်းမောက်နှင့် ဆောက်သမ်တန်၊ လက်စတာနှင့် မန်ယူ၊ ချယ်ဆီးနှင့် ရှက်ဖီးလ်အသင်းတို့ ဆုံတွေ့နေသည်။ အဆိုပါ ကွာတားဖိုင်နယ်ပွဲစဉ်များကို လာမည့် မတ်လအတွင်း ယှဉ်ပြိုင်ကစားရန် လျာထားကြောင်း သိရသည်။

▲ နယူးကာဆယ်တိုက်စစ်ကစားသမား ဝီလ်ဆင်သည် ဒဏ်ရာကြောင့် ရက်သတ္တ ခြောက်ပတ်အထိ အနားယူရဖွယ်ရှိကြောင်း သိရသည်။ ဝီလ်ဆင် (၂၈နှစ်) သည် အဆိုပါဒဏ်ရာကို စနေနေ့က ယှဉ်ပြိုင်ကစားခဲ့သော နယူးကာဆယ်အသင်းက ဆောက်သမ်တန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ယခုနှစ်ရာသီတွင် နယူးကာဆယ်အသင်းအတွက် ဂိုးအများဆုံး သွင်းယူပေးထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ပြီး ၂၃ ပွဲတွင် ၁၀ ဂိုးသွင်းယူ ပေးထားနိုင်သည်။ **အောင်**

## ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်ကို ဒဏ်ရာကြောင့် နေမာ လွဲချော်ဖွယ်ရှိ



ပီအက်စ်ဂျီတိုက်စစ်ကစားသမား နေမာသည် ဖေဖော်ဝါရီ ၁၇ ရက်တွင် အသင်းဟောင်း ဘာစီလိုနာအသင်းနှင့်ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်ကို ဒဏ်ရာကြောင့် လွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။ နေမာသည် ယခုနှစ်ရာသီတွင် ပီအက်စ်ဂျီအသင်းအတွက် ၁၇ ပွဲတွင် ၁၃ ဂိုးသွင်းယူပေးထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်သည်။ နေမာအနေဖြင့် အဆိုပါ ဒဏ်ရာကို ဗုဒ္ဓဟူးနေ့က ပြင်သစ်ဖလားပြိုင်ပွဲ၌ ပီအက်စ်ဂျီအသင်းက ကိန်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် ရရှိခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် နေမာ၏ အဆိုပါဒဏ်ရာနှင့်ပတ်သက်ပြီး ရက်သတ္တလေးပတ်အထိ ကြာမြင့်နိုင်ပြီး မတ်လ၌ ယှဉ်ပြိုင်ကစားမည့် ဒုတိယအကျော့ပွဲစဉ်တွင်မှ ပြန်လည်ကစားနိုင်ဖွယ်ရှိကြောင်း ပြောကြားထားသည်။ ပီအက်စ်ဂျီအသင်းသည် အသက် ၂၈ နှစ်အရွယ်ရှိ နေမာကို ၂၀၁၇ ခုနှစ်တွင် စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် စပိန်ကလပ် ဘာစီလိုနာအသင်းမှ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီး နောက်ပိုင်းအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၀၃ ပွဲကစားထားပြီး ၈၃ ဂိုးသွင်းယူပေးထားနိုင်သူဖြစ်သည်။ ၎င်းသည် ပီအက်စ်ဂျီအသင်းနှင့်အတူ အောင်မြင်မှုသရဖူစိုက်ထူထားနိုင်သည့်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၇-၁၈, ၂၀၁၈-၁၉, ၂၀၁၉-၂၀ ရာသီတွင် လီဂူးဝမ်းဖလားအပါအဝင် ပြည်တွင်းဖလား ကိုးလုံးအထိ ဆွတ်ခူးထားနိုင်သည့် ကစားသမားတစ်ဦးလည်း ဖြစ်သည်။ **မိုးဇက်**

# COVID-19 ကာကွယ်ဆေးနှင့် ပတ်သက်သောမေးခွန်းနှင့်အဖြေများ (အပိုင်း–၂)

**(၁) မြန်မာနိုင်ငံမှာ ကိုဗစ်–၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်–၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

**(၂) ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်–၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးသင့်သောသူများ ဖြစ်ပါသည်။

**(၃) ကိုဗစ်–၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်–၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာသက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်–၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ် အောက် လူအုပ်စုများတို့ကို ကိုဗစ်–၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။ (ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်–၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်–၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။
မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပါတ်(၄)ပါတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်–၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ – အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်–၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင် ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦး တွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချိခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်မတည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**
**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကဒ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

မှတ်ချက်။ ကိုဗစ်–၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021). Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန









# တရုတ်နှစ်ကူးကာလဖြစ်သဖြင့် ငရုတ်သီးတင်ပို့မှု အနည်းငယ်လျော့ကျ

**မန္တလေး ဖေဖော်ဝါရီ ၁၂**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလသည် တရုတ်နှစ်ကူးကာလ အပိုင်းအခြားဖြစ်သဖြင့် ငရုတ်သီးအဝယ်အနည်းငယ်လျော့ကျနေကြောင်း ငရုတ်သီးစိုက်ပျိုးရောင်းချနေသူများထံမှ သိရသည်။

"လတ်တလောမှာ ငရုတ်ဈေးကတော့ ကျနေတယ်။ နိုင်ငံရေးကြောင့်ရယ်၊ တရုတ်နှစ်သစ်ကူးကြောင့်ရယ် ဈေးကျသွားတာပါ။ အရောင်းအဝယ် သိပ်မရှိသေးဘူး။ တရုတ်နှစ်သစ်ကူးချိန်မို့ ငရုတ်သီး အဝယ်နားတဲ့သဘောပေါ့။ ငရုတ်တင်မဟုတ်ဘူးဖရဲ၊ သခွား စတဲ့သီးနှံတွေရောပါ အဝယ်လျှော့ထားတာပါ" ဟု မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ရွာခိုင်ကြီးကျေးရွာမှ ငရုတ်သီးစီးပွားဖြစ်စိုက်ပျိုးသူ ကိုမြင့်ထွန်းဦးက ပြောသည်။

ကျောက်ဆည်ဒေသထွက် ငရုတ်သီး(အနီရောင်) အရည်အသွေးကောင်း ထိပ်စ တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ဝန်းကျင် ဈေးနှုန်းရှိနေကြောင်း ဒေသခံများထံမှ သိရသည်။

မြန်မာနိုင်ငံတွင် ငရုတ်သီးနှံကို ငရုတ်သီးအစိမ်း၊ ငရုတ်သီးအမှည့်အစို၊ ငရုတ်သီးအခြောက် ဟူ၍ ဈေးကွက်သုံးမျိုးရှိပြီး ပြည်တွင်းစားသုံးမှုသာမက ပြည်ပတင်ပို့မှုများပါ ပြုလုပ်နေကြသည်။

ငရုတ်သီး စိုက်ပျိုးထုတ်လုပ်ရာတွင် တစ်ဧကမျိုးဖိုး၊ သွင်းအားစုစရိတ်၊ အလုပ်သမားခ စုစုပေါင်း ပျမ်းမျှ ငွေကျပ် ၁၅ သိန်းဝန်းကျင် ကုန်ကျကြောင်း ကိုယ်တိုင်စိုက်ပျိုးသူများထံမှ သိရသည်။ **နန်းထက်ထက်ချစ်**



ခူးဆွတ်ပြီး ငရုတ်များ သန့်စင်ရွေးချယ်နေကြစဉ်။




# မယ်စဲ့မြို့နယ်၌ တစ်နိုင်တစ်ပိုင် ငရုတ်စိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ

**မယ်စဲ့ ဖေဖော်ဝါရီ ၁၂**

ကယားပြည်နယ် မယ်စဲ့မြို့နယ်၌ သီးညှပ်အဖြစ် တစ်နိုင်တစ်ပိုင် ငရုတ်စိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေ ရရှိကြောင်း ငရုတ်စိုက်တောင်သူများထံမှ သိရသည်။

"ငရုတ်ကို နှမ်းကြဲတဲ့အချိန်မှာ ရောကြဲပြီး နှမ်းခုတ်ချိန်ရောက်တော့ ငရုတ်ပင်တွေ တက်လာပါတယ်။ ဒီဒေသက ငရုတ်ကို မြေအောက်ရေနဲ့သာ အားထားစိုက်ပျိုးလေ့ရှိပြီး နိုဝင်ဘာလမှာ စတင်ဆွတ်ခူးပါတယ်။ အခုပေါက်ဈေးကတော့ ငရုတ်ခြောက် တစ်ပိဿာကို ငွေကျပ် ၈၀၀၀၊ အညှာချွေပြီးသားဆိုရင် ငွေကျပ် ၉၅၀၀ နဲ့ ရောင်းရတယ်" ဟု ငရုတ်စိုက်တောင်သူတစ်ဦးက ပြောသည်။

မယ်စဲ့မြို့နယ်မှ ထွက်ရှိသည့်ငရုတ်ကို လွိုင်ကော်မြို့သို့ တင်ပို့ရောင်းချရပြီး ယခင်က နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ဖွင့်လှစ်ချိန်တွင် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရသဖြင့် ဈေးကောင်းရရှိကြောင်းနှင့် မိသားစုစားသုံးရန် သီးညှပ်အဖြစ် တစ်နိုင်တစ်ပိုင်စိုက်ပျိုးပြီး ပိုလျှံသော ငရုတ်သီးခြောက်ကို ရောင်းချခြင်းဖြင့်လည်း မိသားစုအပိုဝင်ငွေ ရရှိကြောင်း ဒေသခံတောင်သူတစ်ဦးထံမှ သိရသည်။

**ဝတ်ရည်**

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂-၂-၂၀၂၁

### ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၅၅၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၇၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၅၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၄၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၂၇၅၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၉၀/၇၂၅ | ကျပ် | ၇၂၅/၇၃၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၇၀၀/၇၄၀ | ကျပ် | ၇၄၀/၇၅၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၅၅/၆၈၅ | ကျပ် | ၇၂၀/၇၂၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၈၀/၈၀၀ | ကျပ် | ၈၄၅/၈၆၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၁ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၉၈ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၇ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၃၆ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၈ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၄ . ၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၇ . ၀၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၂၆၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၆ . ၈၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၆ . ၆၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၈၈၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၆၀၀ | ၉၆၀၀ | ၂၂၀၀ | ၂၁၁၂၀၀၀၀ |
| MTSH | ၃၅၀၀ | ၃၆၀၀ | ၁၄၈၀ | ၅၂၃၅၀၀၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၅ | ၄၁၅၀၀ |
| FPB | ၂၂၀၀၀ | ၂၂၅၀၀ | ၄၉၇ | ၁၀၉၃၄၅၀၀ |
| TMH | ၂၆၅၀ | ၂၇၅၀ | ၂၂၄ | ၆၀၆၅၀၀ |
| EFR | ၃၃၀၀ | ၃၂၀၀ | ၈ | ၂၅၇၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



# မြန်မာသမိုင်းစာပေ(၂)

## မောင်ခင်မင် (ဓနုဖြူ)

"မြန်မာသမိုင်း စာပေအစလို့ ခေါ်နိုင်တဲ့ ရာဇကုမာရ်မြစေတီကျောက်စာကတော့ စာပေတန်ဖိုးရော၊ သမိုင်းတန်ဖိုးရောရှိတဲ့ မှတ်တမ်းကျောက်စာပေါ့နော် ဆရာ"

"အေး၊ ဟုတ်ပါတယ်။ ဆရာတို့လဲ ဒီလိုပဲ သဘောရပါတယ်"

"ပုဂံခေတ်ကျောက်စာတွေမှာ မင်း၊ မိဖုရား၊ မှူးမတ်တွေရဲ့အကြောင်းတွေတော့ အနည်းနဲ့ အများပါတာပဲ။ ပုဂံခေတ်သမိုင်းကို ကျောက်စာတွေထဲက တော်တော်များများ သိရတာပေါ့။ ဟုတ်တယ် မဟုတ်လား ကျော်ကျော်"

"ဟုတ်ပါတယ်။ မြန်မာစာအရေးအသားပေါ်ပြီး စာနဲ့ပေနဲ့ မှတ်တမ်းတင်တဲ့ အလှူမှတ်တမ်းကျောက်စာတွေမှာ အနိရုဒ္ဓလို့ခေါ်တဲ့ အနော်ရထာမင်းကစပြီး ပုဂံခေတ်ကုန်ခါနီး တရုတ်ပြေးမင်းတို့၊ ကျော်စွာမင်းတို့ရဲ့အကြောင်းတွေအထိ ပါတာပေါ့။ သမိုင်းမှတ်တမ်းဖြစ်လောက်အောင် အကျယ်တဝင့်ရေးတာမျိုး မဟုတ်ပေမဲ့ ဆက်စပ်ပြီး ဖော်ပြကြတာပဲလေ။ ကျောက်စာတွေကို အထောက်အထားပြုပြီး ပုဂံမင်းတွေအစဉ်အဆက် ဘယ်မင်းပြီး ဘယ်မင်းနန်းတက်တယ်ဆိုတာ ခြေရာကောက်လို့ ရတာပဲလေ။ ဆရာကြီး ဒေါက်တာသန်းထွန်းက အများကြီးရေးခဲ့တာပဲဟာ"

"ဟုတ်ပါတယ်"

"ဒါပေမဲ့ အောင်အောင်ပြောသလို ပုဂံခေတ်မြန်မာသမိုင်းစာပေလို့ သတ်မှတ်လောက်တဲ့ မှတ်တမ်းမျိုးကတော့ နည်းမှာပေါ့"

"အကြောင်းအရာက သမိုင်းနဲ့ဆိုင်တဲ့ အကြောင်းလဲ ဖြစ်ရမယ်၊ အဲဒီအကြောင်းကို ရေးရာမှာလဲ နှစ်သက်စရာဖြစ်ရမယ်၊ စာပေအဖြစ် သတ်မှတ်နိုင်ရမယ်ဆိုတဲ့ ရှုထောင့်တွေကကြည့်ပြီး 'မြန်မာသမိုင်းစာပေ' ကို ဖော်ထုတ်နိုင်မှာပေါ့"

"ကဲ...ဒီလိုဆိုရင် ဘယ်ကျောက်စာတွေကို စာပေအဖြစ် သတ်မှတ်သင့်တယ် ထင်သလဲ၊ အောင်အောင့်ကိုပဲ မေးရမှာပဲလေ"

"မင်းလဲသိပါတယ်။ ပုဂံခေတ်နှောင်းပိုင်းမှာ ကျစွာမင်း ထုတ်ပြန်တဲ့ အမိန့်တော်ပြန်တမ်း ကျောက်စာဆိုရင် စာပေအရာမြောက်တဲ့ အမိန့်တော်ပြန်တမ်းတစ်ခုပဲ မဟုတ်လား"

"ဟုတ်ပါတယ်။ ဒီကျောက်စာက အလှူမှတ်တမ်းမဟုတ်ဘဲ ကျစွာမင်းက တိုင်းသူပြည်သားတွေကို ထုတ်ပြန်တဲ့ အမိန့်တော်ပေါ့။ သားတို့ သမီးတို့ မှတ်သားဖို့ပြောရရင် ဒီပြန်တမ်းဟာ မြန်မာမင်းတွေထုတ်ပြန်တဲ့ ပထမဆုံးအမိန့်တော်လို့ ခေါ်ရမှာပေါ့။ ဆရာကြီးဒေါက်တာသန်းထွန်းက The Royal Order of Burma (မြန်မာမင်း အမိန့်တော်များ) ဆိုတဲ့ ခေါင်းစဉ်နဲ့ အမိန့်တော်တွေစုစည်းပြီး အတွဲဆယ်တွဲပြုစုထားတယ်။ ရှင်းလင်းချက်တွေ၊ အင်္ဂလိပ်ဘာသာပြန်တွေနဲ့ ပြည့်ပြည့်စုံစုံပဲ၊ ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ် အရှေ့တောင်အာရှလေ့လာရေးစင်တာက ထုတ်တာလေ။ အဲဒီအမိန့်တော်တွေထဲမှာ ကျစွာမင်းအမိန့်တော်ပြန်တမ်းကို အစောဆုံးအမိန့်တော်အဖြစ် ဖော်ပြထားတယ်"

"ဟုတ်ကဲ့ ဆရာ။ သမီးတို့ မှတ်သားထားပါ့မယ်"

"ကျစွာမင်းက တိုင်းသူ ပြည်သားတွေ ခိုးဆိုးလုယက်မှုတွေ မလုပ်ဝံ့အောင် ထုတ်ပြန်တဲ့ အမိန့်တော်ပဲ။ ဒါပေမဲ့ ဘုရင်က တိုင်းသူ ပြည်သားတွေ နားဝင်သဘောပေါက်အောင် ဆွေးဆွေးနွေးနွေး ပြောဆိုဆုံးမနေတဲ့ လေသံမျိုးပေါ်အောင် ရေးထားတာ အင်မတန် အသက်ဝင်ပါတယ်။ တိုင်းသူ ပြည်သားတွေကို 'နင်' 'ငါ' သုံးပြီး ငါပြောတဲ့စကားကို နင်တို့ နာယူအပ်တယ်။ ဘာကြောင့်လဲဆိုတော့ ငါပြောတာတွေဟာ ငါ့သဘောနဲ့ ငါပြောတာ မဟုတ်ဘူး။ ဘုရားရှင်ဟောကြားတဲ့ စကားတွေကို ယူပြီးပြောတာ။ ဒါကြောင့် နင်တို့ နာယူအပ်တယ်၊ နာယူကြပါဆိုပြီး သာယာညင်းပျောင်း ပြောနေတဲ့ပုံစံလေ"

"ကြောက်စရာကြီးပဲနော်"

"အမိန့်တော်ပြန်တမ်းထဲမှာ အပြစ်ဒဏ်အမျိုးမျိုးကို ဖော်ပြထားတာ ကြောက်စရာကြီးပဲ။ "အဲဒီမှာ တစ်ခုမှတ်ရမှာက ကျစွာမင်းအမိန့်တော်ပြန်တမ်းမှာ အဲဒီလိုသတ်နည်းမျိုးစုံကို ပြထားပေမယ့် အဲဒီသတ်နည်းတွေဟာ ပိဋကတ်တော်မှာပါတဲ့ ပြစ်ဒဏ်စီရင်နည်းတွေကို လူတွေကြောက်အောင်၊ မခိုး မဆိုးဝံ့အောင်ပြတာသာဖြစ်တယ်။ လူဆိုးတွေကို အဲဒီလို တကယ်စီရင်တယ်ဆိုတဲ့ အထောက်အထားမျိုး မတွေ့ရပါဘူးလို့ ဆရာကြီးဒေါက်တာသန်းထွန်းက ဆိုထား

> **"ဒီကျောက်စာက အလှူမှတ်တမ်း မဟုတ်ဘဲ ကျစ္စာမင်းက တိုင်းသူ ပြည်သားတွေကို ထုတ်ပြန်တဲ့ အမိန့်တော်ပေါ့။ သားတို့ သမီးတို့ မှတ်သားဖို့ ပြောရရင် ဒီပြန်တမ်းဟာ မြန်မာမင်းတွေ ထုတ်ပြန်တဲ့ ပထမဆုံးအမိန့်တော်လို့ ခေါ်ရမှာပေါ့။ ဆရာကြီး ဒေါက်တာ သန်းထွန်းက The Royal Order of Burma (မြန်မာမင်း အမိန့်တော်များ) ဆိုတဲ့ ခေါင်းစဉ်နဲ့ အမိန့်တော်တွေစုစည်းပြီး အတွဲဆယ်တွဲပြုစုထားတယ်"**

ပါတယ်"

"အောင်အောင်၊ မင်းပြောပြမှ အရေးအဖွဲ့ကောင်းတာကို ငါလဲသတိထားမိလာတယ်။ အရင်ကတော့ အကြောင်းအရာ သက်သက်ပဲ မှတ်သားထားတာလေ"

"ပြောပုံက အစီအစဉ်ကျတယ်၊ စကား အဖွင့်အပိတ်ကလေးတွေနဲ့ အစီအစဉ်တကျပြောသွားတာ။ ပြီးတော့ ခိုးဆိုးလုယက်သူတွေ ခံစားရမဲ့ ဆိုးကျိုးတွေကိုလဲ ကြောက်စရာကောင်းအောင် ပြောပြသွားတယ်"

"ပြောပြပါ ဆရာ။ ကျွန်တော်တို့ မှတ်သားချင်ပါတယ်"

"မင်းတို့ ကျောက်စာသင်တုန်းက သင်ဖူးပြီးသားပါ။ ကျစွာမင်းက အခုငါပြောတဲ့စကားကို နင်တို့လိုက်နာရင် အခုဘဝမှာရော၊ နောင်တမလွန်မှာရော ချမ်းသာကို မလွဲရမယ်လို့ နှလုံးမူပြီး နားထောင်ကြပါလို့ မှာတယ်။ ပြီးတော့ အဲဒီခိုးစားတဲ့သူတွေဟာ မမိသေးခင်မှာ တထိတ်ထိတ်နဲ့ စိုးရိမ်နေရတယ်။ စိတ်ဆင်းရဲနေရတယ်။ ဒီလိုအမှုကျူးလွန်သူတွေဟာ လွတ်သွားတယ်ဆိုတာ မရှိဘူး။ ၂ နှစ် ၃ နှစ်အလွန်ဆုံးပဲ။ နောက်ဆုံးမှာတော့ ဖမ်းမိသွားမှာပဲ။ သေရင်လဲ အပါယ် ၄ ပါးကိုကျမှာပဲ လို့ပြောတယ်"

" 'အပါယ် ၄ ပါးသည်ကား သူခိုးအိမ်မည်၏ သေလျှင်ရောက်လေတုံတည်း' လို့ တင်စားဆိုထားတယ်"

"သြော်"

"ဖမ်းမိတဲ့အခါ ခိုးမှုစီရင်တဲ့သူတွေက စစ်ဆေးပြီး အမှုထင်ရှားရင် အမှုနဲ့တန်တဲ့ ပြစ်ဒဏ်ကို ပေးတယ်။ ဒီပြစ်ဒဏ်ကတော့ သတ်ခြင်းအမျိုးမျိုးနဲ့ သတ်တဲ့ အပြစ်ဒဏ်ပဲတဲ့"

"သြော်... ဒါဆိုရင် ကျစွာမင်းကြီးက ခိုးသူတွေ ကြောက်အောင် တမင်ခြောက်တာလို့ မှတ်ယူရမှာပေါ့နော် ဆရာ"

"ဟုတ်ပါတယ်။ တို့မြန်မာမင်းတွေ ဒီလောက်ကြီးတော့ မရက်စက်ကြပါဘူးကွယ်။ ထီးနန်းလုတဲ့ ပုန်ကန်မှုတို့လို အမှုမျိုးကိုတော့ အဲဒီလိုစီရင်တာတွေရှိတာပေါ့။ ခိုးဆိုးလုယက်သူတွေကိုတော့ ကြောက်အောင် ဟန့်ထားတာလို့ မှတ်ယူနိုင်ပါတယ်"

"ဟုတ်ကဲ့ပါ"

"ကျစွာမင်းကြီးက အဲဒီလိုဆိုးကျိုးတွေပြပြီးတော့ သေရင်လဲ ငရဲရောက်မယ်၊ ငရဲကလွတ်ရင်လဲ ဆင်းရဲချို့တဲ့မယ်ဆိုတာတွေ ပြတယ်။ ပြီးတော့ တိုင်းသူပြည်သားတွေကို 'ခိုးသော အကျင့်ကို မကျင့်အပ်၊ ကောင်းသောအကျင့်ကို ကျင့်အပ်၏' လို့ ဆုံးမတယ်"

"ဟုတ်ကဲ့ပါ"

"စိတ်ဝင်စားစရာကောင်းတာက အမိန့်တော်အဆုံးပိုင်းမှာ အစီအစဉ်တစ်ခုပါတယ်။ အိမ်ခြေ ၅၀ အနည်းဆုံးရှိတဲ့ ရွာတိုင်းမှာ ဒီအမိန့်တော်ကျောက်စာ တစ်တိုင်စီစိုက်ပြီး လပြည့်နေ့တွေမှာ ရွာသူကြီးကစပြီး ရွာသားတွေ လုလုပပ ဝတ်စားဆင်ယင်ပြီး အတီးအမှုတ်တွေနဲ့ ပူဇော်စရာပစ္စည်းတွေနဲ့ ကျောက်စာပေါ်မှာစုဝေးပြီး တစ်ယောက်က အမိန့်တော်ကို ဖတ်ပြတာကို ကျန်တဲ့သူတွေ နာယူကြဖို့ လမ်းညွှန်ထားတယ်။ အမိန့်တော်ကို လေးစားလိုက်နာဖို့၊ တိုင်းပြည်အေးချမ်းဖို့ အမြော်အမြင်ကြီးကြီးနဲ့ ဆောင်ရွက်ခဲ့တဲ့မှတ်တမ်းပါပဲကွယ်"။ ။

# မိုင်းယောင်း - ကျိုင်းတုံခရီး အနီးကလေး ခရီးမဝေးတော့ပြီ

**မိုင်းယောင်း ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်သည် ကုန်းတွင်းပိတ်မြို့တစ်မြို့ဖြစ်၍ ယခင်က မိုင်းယောင်းမြို့မှ ကျိုင်းတုံမြို့သို့ ခရီးသွားလာရာတွင် ကုန်းကြောင်းလမ်းခရီး တစ်ခုတည်းကိုသာ အားထားသွားလာကြရသဖြင့် မိုင်းယောင်းမြို့မှ ကျိုင်းတုံမြို့သို့ နံနက်ပိုင်းထွက်ယာဉ်များသည် လမ်းခရီးမြို့များ အဝင်အထွက်ခရီးဖြင့် လချီကြာသွားလာကြရသည်။

ယခုအခါ မိုင်းယောင်း-မိုင်းဖြတ် ကတ္တရာလမ်းသစ် တည်ဆောက်ပြီးစီးသဖြင့် မိုင်းဖြတ်-ကျိုင်းတုံ အဝေးပြေးမော်တော်ကားလမ်းမအတိုင်း မိုင်းဖြတ်လမ်းဆုံမှ ကျိုင်းတုံမြို့သို့ သုံးနာရီကျော်ခရီးဖြင့် အရောက်မောင်းနှင်နိုင်ကြပြီဖြစ်သည်။

ယခင်က မိုင်းယောင်းမြို့မှ ကျိုင်းတုံမြို့သို့ လိုက်ပါလိုကြသော ခရီးသွားပြည်သူများအနေဖြင့် ခရီးသည်များလျှင် တစ်နေ့ငါးစီးဖြင့်လည်းကောင်း၊ ခရီးသည်နည်းလျှင် တစ်နေ့သုံးစီးဖြင့်လည်းကောင်း ပုံမှန်ပြေးဆွဲပေးလျက်ရှိသည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ကာလအတွင်း တစ်နေ့ တစ်စီး-နှစ်စီးသာ စားသောက်ကုန်ပစ္စည်းများအတွက် အဓိကပြေးဆွဲလျက်ရှိသည်။

"ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီခွဲ ရွှေမိုင်းယောင်းမော်တော်ကားနဲ့ လိုက်မှာပါ။ မိုင်းယောင်း-မိုင်းဖြတ်လမ်းက သိပ်ကောင်းပြီး လမ်းချောလို့ ကျိုင်းတုံကို ငါးနာရီကျော်ခရီးနဲ့ အရောက်သွားနိုင်မှာပါ။ ခရီးသွားရတာ သက်သောင့်သက်သာ အဆင်ပြေပြေနဲ့ သွားနိုင်လို့ ဝမ်းသာပျော်ရွှင်မိပါတယ်" ဟု ကျိုင်းတုံမြို့မှ မနန်းခင်မွန်းက ပြောသည်။

"ကျိုင်းတုံ-တောင်ကြီးဘက်က ကုန်စည်တွေ မိုင်းယောင်း-မိုင်းယုဘက်ကို လွယ်လွယ်ကူကူ စီးဆင်းလာပါတယ်။ စားသုံးသူတွေအတွက် အလွန်ကို ကောင်းနေပါပြီ။ ယခင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် အရေးပေါ်အခြေအနေမှာ အသက်ဆုံးရှုံးမှုတွေကိုလည်း အခု မိုင်းဖြတ်-မိုင်းယောင်း ကတ္တရာလမ်းက ကာကွယ်လိုက်ပြီဖြစ်ပါတယ်" ဟု လူမှုကူညီရေးအသင်းဝင်တစ်ဦးက ပြောသည်။

အဆိုပါ ကျိုင်းတုံမြို့နှင့် မိုင်းယောင်းမြို့မှ ခရီးသွားပြည်သူများမှာ မော်တော်ယာဉ်များ တိုက်ရိုက်ပြေးဆွဲနေပြီဖြစ်၍ မိုင်းယောင်း-ကျိုင်းတုံခရီး အနီးကလေး ခရီးမဝေးတော့သည့် ခရီးစဉ်တွင် ရွှေမိုင်းယောင်း လိုင်းကားများ၊ ရွှေအိုးရတနာလိုင်းကားများဖြင့် တိုက်ရိုက်သွားလာလျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**



# တာလေမြို့ သစ်တောဦးစီးဌာနမှ အများပြည်သူထံ အခမဲ့ဖြန့်ဝေပေးရန် သစ်ပင်ပျိုးပင်များ ပျိုးထောင်ထားရှိ

**တာလေ ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် တာလေမြို့တွင် ပြောင်းလဲလာသော ရာသီဥတု၏ ပူပြင်းခြောက်သွေ့သည့်ဒဏ် ခံစားရခြင်းမှ ကာကွယ်နိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောဦးစီးဌာနက အများပြည်သူထံသို့ မိုးရာသီတွင် သစ်ပင်များစိုက်ပျိုးနိုင်ရန် ပျိုးပင်များဖြန့်ဝေပေးလျက်ရှိရာ သစ်တောဦးစီးဌာန ပျိုးဥယျာဉ်၌ ပြည်သူဖြန့်ဝေ သစ်ပင်ပေါင်း ၁၄၀၀၀ ကို ပျိုးထောင်ထားရှိပြီးဖြစ်သည်။

သစ်ပင်ပျိုးပင်များကို တာလေမြို့အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်းရှိ ပြည်သူများကို ယခုနှစ်မိုးရာသီမှာ စိုက်ပျိုးနိုင်ရန် ကျွန်း၊ မန်ကျည်းရှား၊ မဲဇလီ၊ စိန်ပန်း၊ ယူကာလစ်၊ ပိန္နဲ၊ ကျွဲကော စသည့် အရိပ်ရအလှသစ်ပင်များနှင့် နှစ်ရှည်သီးပင် စားပင်များကို အများပြည်သူတို့အကြိုက် မျိုးစေ့များ စုဆောင်းရွေးချယ် ပျိုးထောင်ထားကြောင်း တာလေမြို့သစ်တောဦးစီးဌာနက ပြောသည်။

အဆိုပါ သစ်ပင်ပျိုးပင်များကို ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် စတင်ပျိုးထောင်ခဲ့ပြီး လာမည့်မိုးရာသီတွင် သစ်တောဦးစီးဌာနဝန်ထမ်းများက တာလေမြို့အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များနှင့် ဌာနဆိုင်ရာ၊ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်းရှိ သစ်ပင်စိုက်ပျိုးလိုသူအများပြည်သူများထံသို့ လက်ဝယ်အရောက် ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်မိုး (ပြန်/ဆက်)**

# ရန်ကုန်မြို့၏အနီးဆုံး အပန်းဖြေရာ ကမ်းခြေသာမှ ကြိုဆိုနေ

*သန်းထိုက်၊ ဓာတ်ပုံ – သန်းစိုး*

**မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာကျရာ ရန်ကုန်မြို့ သည် ဆိပ်ကမ်းမြို့ကြီးတစ်မြို့ဖြစ်ပြီး ပင်လယ်ကမ်းခြေအပန်းဖြေလိုပါက ဧရာဝတီတိုင်းဒေသကြီးတွင်ရှိသော ငွေဆောင်၊ ချောင်းသာ ကမ်းခြေများသို့ သွားရောက်လည်ပတ်နိုင်သည်။ ပင်လယ်ထွက်ပေါက်မြို့ကြီး တစ်ခုဖြစ်သည်နှင့်အညီ ရန်ကုန်မြို့၏ အနီးဆုံးပင်လယ်ကမ်းခြေအပန်းဖြေရာ နေရာတစ်ခုအဖြစ် အချိန်တိုအတွင်း သွားရောက်လည်ပတ်နိုင်သော ကွမ်းခြံကုန်းမြို့နယ် ဆယ်အိမ်တန်း ကမ်းခြေအပန်းဖြေစခန်းတစ်ခု မကြာသေးမီနှစ်များမှစ၍ ပေါ်ထွန်းလာသည်။**



ရန်ကုန်တိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို မြန်ဆန်စွာဖော်ဆောင်နိုင်သော ကဏ္ဍများအနက် အဆိုပါ အပန်းဖြေခရီးသွားကဏ္ဍသည် ပြည်သူအများ စိတ်ဝင်စားမှုရှိသော ဝန်ဆောင်မှုတစ်ခုလည်း ဖြစ်သည်။ ကိုဗစ်–၁၉ ရောဂါ ဖြေလျှော့သော ကာလတွင်လည်း အများပြည်သူစိတ်လက်ပေါ့ပါးစွာ လတ်ဆတ်သော ပင်လယ်လေကို ရှူရှိုက်လျက် မွန်းကျပ်မှုတို့ကို ဖြေလျှော့စေသည့် အပန်းဖြေနေရာ တစ်ခုဖြစ်လာသောကြောင့် ဆယ်အိမ်တန်းကမ်းခြေသည် ပြည်တွင်း၊ ပြည်ပ ခရီးသွားတို့ကို သင်းပျံ့သော ပင်လယ်ဆားငန်ရနံ့ သင်းသင်းနှင့်အတူ ပင်လယ်အစားအစာတို့က ဆွဲဆောင်လျက်ရှိသည်။

**အပန်းဖြေ လည်ပတ်ရာနေရာ**

ဝါးတန်းဆိပ်ကမ်းရှိ ရန်ကုန်– ဒလ ကားကူးဇက်ဖြင့် ဒလမြို့နယ်သို့ကူး၍ ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကမ်းခြေနှင့်ကပ်လျက်ရှိသော ဆယ်အိမ်တန်း ကမ်းခြေသို့ ကတ္တရာလမ်းနှင့် ကွန်ကရစ်လမ်းအတိုင်း ရာသီမရွေးသွားရောက် လည်ပတ်နိုင်သည့်နည်းတူ လှိုင်သာယာမြို့နယ် (အနောက်ပိုင်း) ပန်းလှိုင်တံတားမှ ကော့မှူးမြို့နယ်ကို ဖြတ်သန်း၍ ကွမ်းခြံကုန်းမြို့နယ် ဆယ်အိမ်တန်းကမ်းခြေသို့ အချိန်နှစ်နာရီခွဲကြာ မောင်းနှင်သွားလာနိုင်သည်။ ရန်ကုန်မြို့ ဝါးတန်းဆိပ်ကမ်းနှင့် လှိုင်သာယာမြို့နယ်တို့မှ ဆယ်အိမ်တန်းဆိပ်ကမ်းသို့သွားလာနိုင်သည့်နည်းတူ ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ဆားကျင်းရွာနှင့် ကပ်လျက်ရှိသော တိုးရွာမြစ်လက်တက်ကို စက်လှေဖြင့်ကူး၍ အောက်ဆိပ်၊ ကညင်ကုန်းနှင့် အလယ်ရွာကို ဖြတ်သန်းပါက ဆယ်အိမ်တန်းကမ်းခြေသို့ ဧရာဝတီတိုင်းဒေသကြီးမှ လာရောက်အပန်းဖြေနိုင်သည်။ အဆိုပါ ဆားကျင်းရွာနှင့်ကပ်လျက်ရှိသော တိုးရွာတွင်လည်း တိုးရွာခရု ကမ်းခြေအဖြစ် အနုပညာရှင်အချို့ လာရောက်လည်ပတ်ခဲ့သည့်အတွက် တစ်ချိန်တွင်ဆယ်အိမ်တန်းကမ်းခြေကဲ့သို့ ရန်ကုန်မြို့ခံပြည်သူများ အပန်းဖြေလည်ပတ်ရာ နေရာတစ်ခုအဖြစ် ခရီးသွားလုပ်ငန်းတစ်ခု တိုးပွားလာမည်ဖြစ်သည်။

**လူမှုစီးပွားများ တိုးတက်မည်**

လက်ခုပ်ကုန်းကမ်းခြေမှာ အုပ်အုပ်ဆိုင်းဆိုင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းထားပြီး ဟောင်းနွမ်းသော အဆောက်အအုံများကို အသစ်ပြန်လည်တည်ဆောက်မှုဖြင့် ပင်လယ်ကမ်းခြေအပန်းဖြေရာ နေရာတစ်ခုအဖြစ် ပြန်လည်ပေါ်ထွန်းလာမည်ဖြစ်သည်။ ဘန်ဂလိုများမှာ ပင်လယ်ပြင်ကို မျက်နှာမူတည်ဆောက်ထားပြီး လက်ခုပ်ကုန်းကမ်းခြေရှေ့တွင် ဒီရေတောကြီးတစ်ခု ပေါ်ထွန်းနေသောကြောင့် ပင်လယ်ပြင်သဘာဝ အန္တရာယ်ကို ကြိုတင်ကာကွယ်ထားသည့်ပမာ စိမ်းစိုနေသော သဘာဝဒီရေရောက်တောကြီးမှာ ပြည်တွင်း၊ ပြည်ပခရီးသွားတို့ကို ဆွဲဆောင်လျက်ရှိသည်။ ထိုဒီရေရောက်တောအတွင်းစက်လှေဖြင့် လည်ပတ်လှေလာမှုများရှိပြီး ဆက်လက်ထိန်းသိမ်းကာကွယ်မှုဖြင့် ဒီရေရောက်တောများ ရှင်သန်တိုးပွားလာမည်ဖြစ်သည်။ မူလပေါ်ထွန်းပြီး ကမ်းခြေအပန်းဖြေစခန်းတစ်ခု ဖြစ်သောကြောင့် ပြန်လည်ပြုပြင်ဖော်ဆောင်နိုင်ပါက လက်ခုပ်ကုန်းနှင့် ဆယ်အိမ်တန်းကမ်းခြေသည် ရန်ကုန်မြို့နေ အများပြည်သူအပန်းဖြေရာ ပင်လယ်ကမ်းခြေတစ်ခုအဖြစ် ဆက်လက်ပေါ်ထွန်းလျက် ဒေသခံတို့ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ လူမှုစီးပွားများ တိုးတက်မည် ဖြစ်သည်။

ရန်ကုန်မြို့မှ ၃၈ မိုင်ကျော်သာ ဝေးကွာသော ဆယ်အိမ်တန်းကမ်းခြေမှာ အိမ်ထောင်စု၂၈၀ကျော်၊ လူဦးရေ ၁၂၀၀ ကျော် နေထိုင်လျက်ရှိပြီး ရေလုပ်ငန်း ၆၀ရာခိုင်နှုန်းနှင့် စိုက်ပျိုးရေး ၄၀ ရာခိုင်နှုန်းလုပ်ကိုင်သော ကမ်းခြေရွာလေးဖြစ်သည်။ လက်ခုပ်ကုန်းဟိုတယ်နှင့် ကပ်လျက်ရှိပြီး ဆယ်အိမ်တန်းကမ်းရွာနှင့် အလယ်ရွာကြားတွင် တစ်မိုင်ကျော် အရှည်ကမ်းခြေတစ်ခုအဖြစ် ပေါ်ထွန်းလာရာမှ အပန်းဖြေရာနေရာ တစ်ခုအဖြစ် ၂၀၁၄ ခုနှစ်မှစ၍ သတိပြုမိပြီး၂၀၁၇ ခုနှစ် သင်္ကြန်ကာလ အထူးစည်ကားခဲ့ရာမှ လူသိများလာခြင်း ဖြစ်သည်။ ရန်ကုန်မြို့၏ အနီးဆုံးပင်လယ်ကမ်းခြေတစ်ခုဖြစ်သောကြောင့် ကမ်းခြေအပန်းဖြေအင်္ဂါနှင့်အညီ ပြုပြင်ဆောင်ရွက်ရန် ကဏ္ဍများလည်း ရှိနေသည်။ ရေလုပ်ငန်းကိုအဓိက လုပ်ကိုင်ကြသောကြောင့် ပင်လယ်ထွက်ကုန်နေ့စဉ်ရရှိလျက်ရှိသည်။ စပါးစိုက်ပျိုးမှုနှင့်အတူ တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက် စိုက်ခင်းတို့ဖြင့် လတ်ဆတ်သော အသီးအနှံထွက်ရှိသော ရွာလေးဖြစ်သည်။ ကန်ရေကိုသာ အမှီပြုရသောကြောင့် နွေရာသီသောက်သုံးရေ အခက်အခဲဖြစ်ပေါ်လေ့ရှိရာ မြေအောက်ရေရရှိပါက ကျေးရွာလျှပ်စစ်မီးရရှိထားသောကြောင့် ခရီးသွားလုပ်ငန်း၏ အသီးအပွင့်ကို ဆယ်အိမ်တန်းကျေးရွာနှင့် အနီးအပါးမှရွာများ အကျိုးကျေးဇူးရရှိစေမည် ဖြစ်သည်။ ရေလုပ်ငန်းမှာ ထိုရွာလေး၏ အဓိကအသက်သွေးကြောဖြစ်သော်လည်း ကမ်းခြေအပန်းဖြေကဏ္ဍပြန်လည်ဦးမော့လာပါက ကျေးလက်လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးလာမည်မှာ အမှန်ပင်ဖြစ်သည်။

ဆယ်အိမ်တန်းကျေးရွာဇာတိဖြစ်သော ရေလုပ်သား ဦးမိုးနိုင်က “ ကျွန်တော်ဒီရွာမှာပဲ မွေးတယ်။ ပင်လယ်ပြင်ကြီးနဲ့အတူ ဘဝဖြတ်သန်းလာတယ်ဆိုရင် မမှားဘူး။ ကျောင်းသားဘဝက ပင်လယ်ပြင်အလှနဲ့ဒီနေ့အခြေအနေတော့ မတူတော့ဘူး။ ပင်လယ်ပြင်ဟာ ကျွန်တော်တို့အတွက် ထမင်းအိုးကြီးပဲ။ ပြာသို၊ တပို့တွဲလဟာ ငါးသလောက်အထိအမိများတဲ့အတွက် ဝင်ငွေကောင်းတဲ့လပါ။ ဆယ်အိမ်တန်း ကမ်းခြေဖွင့်တဲ့အချိန်ဆိုရင် ငါးသလောက်အိုးမောက်ဆိုရင် ကမ်းခြေမှာ အပန်းဖြေတဲ့သူတွေ မသိတဲ့သူ မရှိဘူး။ ပုစွန်၊ ကဏန်း၊ ငါးကင် စတဲ့ပင်လယ်စာ လတ်လတ်ဆတ်ဆတ်ရတဲ့ဒေသပါ။ ကမ္ဘာ့ကပ်ရောဂါကြောင့် ကမ်းခြေပိတ်ထားတာကြာပြီ။ ဒီလတွေမှာ ရာသီဥတုအပြောင်းအလဲမကြာခဏဖြစ်တော့ငါးအထိအမိ မကောင်းဘူး။ ဖေဖော်ဝါရီ ၁၂ ရက်နောက်ပိုင်းဆိုရင် ရေထရက်ဖြစ်တဲ့အတွက် ပင်လယ်ပြင်မှာ ငါးဖမ်းဆီးမှုနည်းသွားပြီ။ ဆယ်အိမ်တန်း ကမ်းခြေပြန်ဖွင့်ရင်တော့ ရွာမှာအလုပ်အကိုင်နဲ့ ဈေးရောင်း၊ ဈေးဝယ်စည်တဲ့အတွက် အားလုံးအဆင်ပြေကြတယ်။ ရေလုပ်သားအစ သီးနှံစိုက်ပျိုးတဲ့သူအဆုံး အဆင်ပြေကြတယ်လို့ ဆိုရမှာပါ။ ဒီကမ်းခြေလေးပေါ်လာတာဟာ ကျွန်တော်တို့ ဒေသသာမက ကျုံတဲ့ရွာတွေရဲ့ဝမ်းရေးလည်း အဆင်ပြေကြတယ်။ ပင်လယ်ပြင်မှာ ငါးသလောက်အများဆုံးရပြီးတော့ ငါးတန်နဲ့ငါးမျိုးစုံလည်း ရတယ်။ ရာသီဥတုကောင်းရင် ကောင်းသလိုအထိ အမိများကြတယ်။ ဒီရက်ပိုင်း ရာသီဥတုမကောင်းဘူး။ ငါးဈေးလည်းကျနေတယ်”ဟု ဆိုပါသည်။

ရွာမြောက်ဘက်တွင် စပါးစိုက်ပျိုးပြီး တစ်ပိုင်တစ်နိုင် ဥယျာဉ်ခြံအချို့လည်း ရှိသည်။ ကမ်းခြေဖွင့်ချိန်တွင် ဥယျာဉ်ခြံမှ ထွက်ရှိသော ဖရဲသီး၊ သင်္ဘောသီး၊ မာလကာသီး၊ ပဲသီး၊ ဘူးသီး၊ မုန်ညင်း၊ ကိုက်လန်၊ ဆလပ်ရွက်၊ ကန်စွန်းရွက်၊ ခရမ်းသီး၊ သခွားသီးနှင့် ငှက်ပျော်သီးတို့မှာ သဘာဝအော်ဂဲနစ်ဖြင့် စိုက်ပျိုးသောကြောင့် လတ်ဆတ်ချိုဆိမ့်သော အရသာဖြင့် အပန်းဖြေလာရောက်သူတို့အတွက် အိမ်အပြန်ဟင်းလျာများအဖြစ် ပင်လယ်စာနှင့်အတူ ဝယ်ယူလေ့ရှိသည်။ ထိုရွာမှအသက် ၅၈ နှစ်ရှိသော ဥယျာဉ်ခြံပိုင်ရှင် ဦးတင်ရှန်က “ ဒီရွာမှာ ရေလုပ်ငန်းလုပ်ကိုင်တာ များတယ်။ ခြံလုပ်ငန်းလုပ်ကိုင်တဲ့သူနည်းတယ်။ ဝါသနာပါတဲ့အတွက် ဘိုးဘွားပိုင်နေရာမှာ တစိုက်မတ်မတ်လုပ်ကိုင်ခဲ့တာ။ အွန်လိုင်းကနည်းပညာနဲ့ စာတွေ့ပေါင်းပြီး စိုက်ပျိုးလာတာ ငါးနှစ်ရှိပြီ။ ကွမ်းခြံကုန်း မပို့ဘူး။ ရွာအနီးအနားပဲ ရောင်းတာ။ တစ်ရက်ကျပ် နှစ်သောင်းနီးပါးရတယ်။ ကမ်းခြေဖွင့်ချိန်ဆိုရင်တစ်ရက် သိန်းချီရောင်းရတယ်။ မိုးရေသိုလှောင်နိုင်တဲ့ ပမာဏနည်းတဲ့အတွက် စိုက်ပျိုးရေအခက်အခဲရှိတာကြောင့် လက်ရှိထက်ပိုပြီး တိုးချဲ့စိုက်ချင်ပေမယ့် မစိုက်နိုင်ဘူး။ နှစ်ကေအကျယ်ခြံဝင်းမှာ ရေရရင်ဒီထက် တိုးချဲ့စိုက်ဖို့ရှိပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းဟာ ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့ လုပ်ငန်းဖြစ်တဲ့အတွက် ကျွန်တော်ပျော်တယ်။ ဒီလုပ်ငန်းနဲ့ပဲဘဝကို ဖြတ်သန်းသွားမှာပါ” ဟု ကြည်နူးပီတိစကားဆိုသည်။

**ပင်လယ်ပြင်အလှကို ကြည့်ရှုခံစားနိုင်**

တစ်မိုင်ကျော်အရှည်နှင့် ရေကျချိန် ပေ ၃၀၀ ခန့် အကျယ်ရှိသော ဆယ်အိမ်တန်းကမ်းခြေမှာ ပြန့်ပြူးလှပလျက်ရှိပြီး ပင်လယ်ပြင် ကမ်းနီးငါးဖမ်းစက်လှေငယ်များနှင့် နေထွက်ချိန်၊ နေဝင်ချိန်ဆည်းဆာအလှကို ကြည့်ရှုခံစားနိုင်သည့်အပြင် စိမ်းစိုနေသော မြစိမ်းကျွန်းဟု ခေါ်သည့် ဒီရေတောအုပ်အလှကို တွေ့မြင်ရမည်ဖြစ်သည်။ သဲသောင်ကမ်းခြေတွင်ရှိသော ဆိုင်တန်းတစ်လျှောက် မိသားစုအပန်းဖြေ အနားယူနိုင်သည့်အပြင် ကမ်းခြေသဲသောင်ပြင်တွင် မြင်းစီး၊ စက်ဘီးစီး၊ လမ်းလျှောက်၊ ဘောလုံး၊ ခြင်းခတ်အပန်းဖြေနိုင်ပြီး ရေတက်ချိန်၌ ရုပ်ပြေး၊ စက်လှေစီး၍ ပင်လယ်ပြင်အလှကို ကြည့်ရှုနိုင်သောကြောင့် မိသားစုလိုက်ရေကူး အပန်းဖြေခြင်းဖြင့် စိတ်အေးချမ်းသာစွာ အပန်းဖြေနိုင်သော ကမ်းခြေဖြစ်သည်။ ထိုကမ်းခြေတွင် မိသားစုဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေအေးချမ်းစွာ အပန်းဖြေလိုသူတို့အတွက် လုံးချင်းဧည့်ရိပ်သာတစ်ခုလည်း ရှိသည်။ ဆယ်အိမ်တန်းကမ်းခြေတွင် တစ်ခုတည်းရှိသော ဧည့်ရိပ်သာမှာ ရွာအဝင်လမ်းအဆုံးတွင်ရှိပြီး ပင်လယ်ကမ်းခြေနှင့် ကပ်လျက်တွင် တည်ရှိသောကြောင့် ပင်လယ်ပြင်အလှကို တိုက်ရိုက်ကြည့်ရှုခံစားနိုင်သည်။

တည်းခိုခန်းမန်နေဂျာ ဦးမြင့်အောင်က “ကမ်းခြေပိတ်ထားတာ တစ်နှစ်ပြည့်တော့မယ်။ ရန်ကုန်က အများဆုံးလာကြတာ။ မိသားစု၊ ဆွေမျိုးမိတ်ဆွေနဲ့ နိုင်ငံခြားသားတွေသီးသန့်တည်းခိုဖို့မရှိဘူး ဖြစ်နေတယ်။ ဒါကြောင့် ဧည့်ရိပ်သာတစ်ခုရှိတဲ့အတွက် ကမ်းခြေသွားပြီး အပန်းဖြေပြီးရင် ဒီမှာအနားယူကြတာများတယ်။ လျှပ်စစ်မီး၊ ရေချိုးခန်းရှိတဲ့အတွက် အဆင်ပြေကြပါတယ်။ ရုံးပိတ်ရက်တွေမှာအများဆုံးလာကြတယ်။ ရက်ကြီးအခါကြီးနေ့တွေမှာ စည်ကားပါတယ်။ ကိုဗစ်လွန်ကာလမှာ ဆယ်အိမ်တန်းကမ်းခြေဖွင့်ရင် ကမ်းခြေသာယာလှပရေးနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်မှုနဲ့ ပင်လယ်ကမ်းခြေသန့်ရှင်းသာယာလှပရေးကို ဝိုင်းဝန်းလုပ်ဆောင်ဖို့လည်း လိုပါတယ်။ ရန်ကုန်တိုင်းနဲ့ အနီးဆုံးဖြစ်တဲ့အပြင် သွားလာရေးအဆင်ပြေချောမွေ့တာကြောင့် မြို့ပြရဲ့ မွန်းကြပ်မှုကို ဖြေလျှော့ပေးရာနေရာ တစ်ခုဖြစ်တဲ့အတွက် ကမ်းခြေအင်္ဂါနဲ့အညီပြုပြင်ဆောင်ရွက်သွားမယ်ဆိုရင် ဒီကမ်းခြေကို အမှီပြုနေတဲ့ ကျေးလက်ပြည်သူတွေရဲ့ လူမှုစီးပွားတွေ မြန်ဆန်စွာတိုးတက်လာမယ်လို့ မြင်ပါတယ်”ဟု သူ၏အမြင်ကို ပြောပါသည်။

**ခရီးသွားလုပ်ငန်းကို အထောက်အကူဖြစ်**

ကွမ်းခြံကုန်းမြို့နယ် ဆယ်အိမ်တန်းကမ်းခြေသို့ ရန်ကုန်မြို့တစ်ဖက်ကမ်း ဒလမြို့မှကားဖြင့် သွားရောက်လည်ပတ်နိုင်သည့်နည်းတူ လှိုင်သာယာမြို့နယ် ပန်းလှိုင်တံတားမှ ဘုရားငုတ်တိုရွာကို ဖြတ်သန်း၍ ကော့မှူးမြို့နယ်မှတစ်ဆင့် သွားရောက်အပန်းဖြေနိုင်သော ကမ်းခြေတစ်ခု ဖြစ်သည်။ ဆယ်အိမ်တန်းကမ်းခြေနှင့် အလယ်ရွာကြားတွင်ရှိသည့် ပင်လယ်ကမ်းခြေမှ လတ်ဆတ်သော ဆားငန်ရနံ့ကို ရှူရှိုက်နိုင်ပြီး ညပိုင်းတွင်လည်း ပင်လယ်လှိုင်းခတ်သံ၊ ကြယ်ရောင်စုံတောက်ပနေသောကောင်းကင်ယံအလှကို သဘာဝကို ချစ်မြတ်နိုးသူတို့အတွက် တွေ့မြင်ရမည်ဖြစ်သည်။ အပန်းဖြေအပြန်ခရီးတွင်လည်း လတ်ဆတ်သောငါး၊ ပုစွန်နှင့် အော်ဂဲနစ်ဒေသ ထွက်ကုန်အသီးအနှံတို့ကို ဝယ်ယူနိုင်သောကြောင့် ခရီးသွားလုပ်ငန်းကို အထောက်အကူဖြစ်စေမည့် ရန်ကုန်မြို့၏ အနီးဆုံးပင်လယ်ကမ်းခြေအပန်းဖြေရာနေရာတစ်ခုဖြစ်သော ဆယ်အိမ်တန်းကမ်းခြေမှ ကြိုဆိုလျက်ရှိနေပါကြောင်း။ ။

**“ရန်ကုန်မြို့မှ ၃၈ မိုင်ကျော်သာဝေးကွာသော ဆယ်အိမ်တန်းကမ်းခြေမှာ အိမ်ထောင်စု ၂၈၀ ကျော်၊ လူဦးရေ ၁၂၀၀ ကျော်နေထိုင်လျက်ရှိပြီး ရေလုပ်ငန်း ၆၀ ရာခိုင်နှုန်းနှင့် စိုက်ပျိုးရေး ၄၀ ရာခိုင်နှုန်းလုပ်ကိုင်သော ကမ်းခြေရွာလေးဖြစ်သည်။ လက်ခုပ်ကုန်းဟိုတယ်နှင့် ကပ်လျက်ရှိပြီး ဆယ်အိမ်တန်းကမ်းရွာနှင့် အလယ်ရွာကြားတွင် တစ်မိုင်ကျော်အရှည် ကမ်းခြေတစ်ခုအဖြစ် ပေါ်ထွန်းလာရာမှ အပန်းဖြေရာနေရာတစ်ခုအဖြစ် ၂၀၁၄ ခုနှစ်မှစ၍ သတိပြုမိပြီး ၂၀၁၇ ခုနှစ် သင်္ကြန်ကာလ အထူးစည်ကားခဲ့ရာမှ လူသိများလာခြင်းဖြစ်”**

# မြန်မာတို့ရဲ့ နှလုံးသားထဲက မြန်မာ့အသံ

## ပါမောက္ခကိုကိုအောင်(သိပ္ပံစာရေးဆရာကိုကိုအောင်)

**ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသော ဆောင်ပုဒ်ကို စွဲကိုင်လျက် မမိုတ်မသုန် ချီတက်ခဲ့သော၊ ချီတက်နေဆဲဖြစ်သော မြန်မာ့အသံသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်တွင် ၇၅ နှစ် ပြည့်မြောက်တော့မည်ဖြစ်သည်။**

Burma Broadcasting Service (BBS) အဖြစ် ကမ္ဘာသိထင်ရှားခဲ့သော မြန်မာ့အသံ၏ ရေဒီယို ထုတ်လွှင့်မှုကို အစပျိုးခဲ့သော အချိန်ကာလက ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ ၁၉၃၇ ခုနှစ်က ဖြစ်သည်။ အစပျိုးခဲ့သော နေရာကတော့ မင်္ဂလာဒုံ ဝါယာလက်ပင်ဖြစ်သည်။

ထိုစဉ်ကာလက မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ဝါယာလက်ကြေးနန်း (Wireless Telegram) ဆက်သွယ်ရာတွင် အသုံးပြုသော မာကိုနီအသံလွှင့်စက်ဖြင့် မင်္ဂလာဒုံ ဝါယာလက်တွင် မြန်မာနိုင်ငံ၏ အသံလွှင့်လုပ်ငန်းကို အစပျိုးကာ စမ်းသပ်ထုတ်လွှင့်ခဲ့သည်။

၁၉၃၈ ခုနှစ်တွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ ဗဟိုကြေးနန်းရုံးကြီး၏ မြေညီထပ် အခန်းတချို့ကို အသံလွှင့်ခန်းများအဖြစ်သို့ ဖန်တီးကာ စမ်းသပ်ထုတ်လွှင့်မှုကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ ၁၉၄၂ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်မြို့ ဖိုက်ချ်လမ်း (ယခုဗဟိုလမ်း / ရှမ်းလမ်း) ရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ် (၄) မှနေ၍ စမ်းသပ်ထုတ်လွှင့်မှုကို ဆက်လက်လုပ်ဆောင်ခဲ့သည်။

အသံလွှင့်စက်ရုံနေရာအဖြစ် ကမ္ဘာအေးစေတီအနီးရှိ ကျယ်ဝန်းပြန့်ပြူးသော ရေကူးရွာကို ရွေးချယ်ပြီး ဂျပန်နိုင်ငံလုပ် ၁၀ ကီလိုဝပ်အားရှိ လှိုင်းလတ် (Medium Wave) အသံလွှင့်စက်တစ်လုံးနှင့် မာကိုနီကုမ္ပဏီထုတ် ၅ ကီလိုဝပ်အားရှိ လှိုင်းတို (Short Wave) အသံလွှင့်စက်တစ်လုံးတို့ကို တပ်ဆင်အသုံးပြုခဲ့သည်။ နောက်ပိုင်းတွင် ဂျပန်နိုင်ငံလုပ် ၅ ကီလိုဝပ်အားရှိ လှိုင်းတို (Short Wave) အသံလွှင့်စက်တစ်လုံးကိုပါ ထပ်မံဖြည့်တင်း တပ်ဆင်တည်ဆောက်ပြီးနောက် နိုင်ငံရပ်ခြားတိုင်းပြည်များသို့ အထိတိုင် တိုးချဲ့ထုတ်လွှင့်ခဲ့သည်။ တိုးချဲ့ထုတ်လွှင့်မှု အဆင်ပြေသည့်အတွက် ဖိုက်ချ်လမ်းရှိ မူလလူမှုဝန်ထမ်း ဦးစီးဌာနနေရာထက် ပိုမိုကျယ်ဝန်းသော ကမ္ဘာအေးစေတီလမ်းပေါ်ရှိ ချင်းချောင်းနန်းတော်နေရာ (ယခုအနုပညာဦးစီးဌာန)သို့ ပြောင်းရွှေ့ကာ **မြန်မာနိုင်ငံလုံးဆိုင်ရာ အသံလွှင့်ဌာန** (All Burma Broadcasting Station) ဟုခေါ်တွင်စေခဲ့သည်။

ထိုကာလအတွင်း ၁၉၄၅ ခုနှစ် မတ်လဆန်းမှစ၍ ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ယခုဂျာမနီသံရုံးနေရာတွင် မျိုးချစ်စိတ်ဓာတ်ပြင်းထန်သော တော်လှန်ရေးရဲဘော်များက **မြန်မာ့တော်လှန်ရေး တပ်မတော်အသံလွှင့်ဌာန** အမည်ဖြင့် အသံလွှင့်ဌာနတစ်ခုကို လျှို့ဝှက်တည်ထောင်ကာ မြန်မာ၊ အင်္ဂလိပ်နှင့် ဟိန္ဒူဘာသာများဖြင့် အသံလွှင့်ခဲ့ကြသည်။

### လူသိများ ထင်ရှား

၁၉၄၅ ခုနှစ် မေလဆန်းတွင် ရန်ကုန်မြို့ ရွှေတောင်ကြားအရပ်ရှိ လောင်းဝစ္စလမ်း (ယခု အင်းလျားမြိုင်လမ်း) ရှိ နှစ်ထပ်တိုက်ကို အသံလွှင့်ရုံအဖြစ်ဖန်တီးကာ ရန်ကုန်ရေဒီယို (Rangoon Radio) အမည်ဖြင့် အသံလွှင့်ခဲ့သည်။ ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်တွင် **ရန်ကုန်ရေဒီယို** (Rangoon Radio)မှ **ဗမာ့အသံ** (Burma Broadcasting Service)သို့ တရားဝင် အမည်ပြောင်းလဲကာ ထုတ်လွှင့်ခဲ့သည်။ ၁၉၄၈ ခုနှစ် ဩဂုတ်လ ၂၃ ရက်တွင် ဝင်ဒါမီယာကရက်ဆင့် (ယခုပန်းဝါလမ်း)ရှိ အသံလွှင့်ရုံသို့ ပြောင်းရွှေ့အသံလွှင့်ခဲ့ရာ ဝင်ဒါမီယာအသံလွှင့်ရုံအဖြစ် လူသိများ ထင်ရှားခဲ့သည်။

ကမ္ဘာအေးစေတီအရှေ့ဘက် ရေကူးဘူတာအနီးရှိ ဧက ၅၀၀ ကျော် ကျယ်ဝန်းသောနေရာတွင် ထပ်ဆင့်လွှင့်စက်ရုံ (Transmitter)ကို တည်ဆောက်ပြီး ၅၀ ကီလိုဝပ်အားရှိ လှိုင်းတိုအသံလွှင့် စက်သစ်ကြီးသုံးလုံးနှင့် လှိုင်းလတ်အသံလွှင့်စက်သစ်ကြီးတစ်လုံးတို့ကို တပ်ဆင်ကာ ၁၉၅၇ ခုနှစ် ဧပြီလ ၁ ရက်တွင် စတင်၍ ထပ်ဆင့်ထုတ်လွှင့်ခဲ့သည်။

၁၉၅၈ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်တွင် **ဗမာ့အသံ** ဟူသောအမည်မှ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးကို ကိုယ်စားပြုသည့် အဓိပ္ပာယ်ဖြစ်သော **မြန်မာ့အသံ** အမည်ဖြင့် ပြောင်းလဲအသံလွှင့်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလ ၄ ရက်တွင်မူ ပြည်လမ်းရှိ အသံလွှင့်ရုံအသစ်ကြီးသို့ ပြောင်းရွှေ့အသံလွှင့်ခဲ့သည်။




သိပ္ပံပညာနှင့် ယနေ့ကမ္ဘာအစီအစဉ်အတွက် မြန်မာ့ရုပ်မြင်သံကြားစတူဒီယို၌ စာရေးသူဖြေကြားရိုက်ကူးစဉ်။

> **"မြန်မာတို့၏ နှလုံးသားထဲသို့ ဆယ်စုနှစ်ပေါင်းများစွာတိုင်အောင် ရောက်ရှိစွဲငြိစေခဲ့သော မြန်မာ့အသံရေဒီယို အစီအစဉ်များနှင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်ပေါင်းများစွာထဲတွင် မိမိအနေဖြင့် တစ်ထောင့်တစ်နေရာက တတ်စွမ်းသရွေ့ ပါဝင်ကူညီအားဖြည့်ခွင့် ရရှိနေခြင်းအပေါ် အထူးပင် ဂုဏ်ယူမိသလို စိန်ရတုကာလသို့ ရောက်ရှိနေပြီဖြစ်သည့် မြန်မာတို့ရဲ့နှလုံးသားထဲက မြန်မာ့အသံကိုလည်း လှိုက်လှိုက်လှဲလှဲဖြင့် ဂုဏ်ပြု"**

